# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၂၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ် စ ရာ**

**အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှ အလင်းသို့သာ**
ဆောင်းပါး | စာ ၆

**မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ သင်ခန်းစာများအား အနီးကပ်သင်ကြားပို့ချပေးလျက်ရှိ**
ပြည်တွင်းသတင်း | စာ ၉

**မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည် ...**
ဆောင်းပါး | စာ ၁၀




## ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီပိတ်ပြီဖြစ်သောကြောင့် ကမ်းဝေးငါးဖမ်းလှေအားလုံး လုပ်ငန်းခွင်ရပ်နား

မြိတ် မေ ၁

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီပိတ်ပြီဖြစ်သောကြောင့် ကမ်းဝေးငါးဖမ်းလှေအားလုံး လုပ်ငန်းခွင်ရပ်နားပြီဖြစ်ကြောင်း၊ ငါးမဖမ်းရာသီ (ငါးသားပေါက်ရာသီ)ရောက်ပြီဖြစ်သောကြောင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ကိုင်နေသည့် ငါးဖမ်းလှေများမှာ ဧပြီ ၃၀ ရက် နောက်ဆုံးထားကာ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လာကြကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



## မိုးဦးမိုးရွာသွန်းသဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းစတင်ဆောင်ရွက်နေ

ကျောက်ပန်းတောင်း မေ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မေ ၃၀ ရက် ညနေ ၄ နာရီခန့်မှစတင်၍ ညနေ ၆ နာရီခန့်အထိ မိုးရွာသွန်းခဲ့ရာ မြေအစိုဓာတ်ကောင်းစွာရရှိသဖြင့် မေ ၁ ရက် နံနက်အစောပိုင်းမှ စတင်၍ အညာတောင်သူများ စိုက်ပျိုးလုပ်ငန်း စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

မြို့နယ်အတွင်း သင်္ကြန်ကာလအပြီး ပထမဆုံး ရွာသွန်းခဲ့သည့် မိုးဦးမိုးမှာ မိုးရေချိန် ၃ ဒသမ ၂၇ လက်မရှိပြီး စိုက်ပျိုးရေးလုပ်ငန်း စတင်ရန်အတွက် မြေဝင်အစိုဓာတ်ကောင်းစွာရရှိသဖြင့် အညာတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းခွင် စတင်ဝင်ရောက်နေကြပြီဖြစ်သည်။ အညာဒေသတွင် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် နှမ်းနှင့် မြေပဲကို တောင်သူများ အားထား စိုက်ပျိုးလျက်ရှိကြပြီး စိုက်ပျိုးရာသီကာလတွင် မျိုးနှမ်းနှင့် မျိုးမြေပဲကို အချို့တောင်သူများက ကိုယ်ပိုင်မျိုးစေ့ဖြင့် စိုက်ပျိုးကြ၍ အချို့တောင်သူများသည် ကာလပေါက်ဈေးပေး ဝယ်ယူစိုက်ပျိုးကြကြောင်း သိရသည်။ မိုးဦးမိုးဖြစ်သဖြင့် မြေအစိုဓာတ်ကောင်းချိန် သူ့ထက်ငါ စိုက်ပျိုးကြခြင်းဖြစ်ရာ အလုပ်သမားငှားရမ်းခမှာ တစ်မနက် လေးထောင်

*စာမျက်နှာ ၃ ကော်လံ ၁* ○

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ (၁၄၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တစ်နှစ်ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြကာ (၁၄၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏ လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ရေဘေးနှင့် မြေငလျင်ဘေး စသည့် သဘာဝဘေးဒဏ်ကြောင့် ရထားလမ်းပိုင်း ပျက်စီးမှုများအပေါ် ရထားစီးခရီးသည်များ ဘေးအန္တရာယ် မကျရောက်စေရေးနှင့် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အမှုထမ်းနှင့် အရာထမ်းများ၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် ပိတ်မိခဲ့ကြသူများကို သက်စွန့်ကြိုးပမ်း ကယ်တင်ပေးခဲ့ကြသည့် ဝန်ထမ်းများနှင့် အဆိုပါကာလလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရွှေ့ဖုံးမှ*

တစ်နေကုန် ခုနစ်ထောင်ပေးရကြောင်းနှင့် ထွန်ရှည်းငှားရမ်းခမှာ တစ်မနက် ငါးသောင်းပေးရပြီး ထွန်စက်ဖြင့် ထွန်ယက်သူများမှာ ငှာရမ်းခ တစ်နာရီ ငါးသောင်းကျပ်ပေးရကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများမှာ နှစ်စဉ် နှမ်းနှင့် မြေပဲသီးနှံကိုသာ အဓိကအားထား စိုက်ပျိုးကြခြင်းဖြစ်ရာ နိုင်ငံတော်အတွက် ပြည်တွင်း စားသုံးဆီဖူလုံရေးကို များစွာအထောက်အကူပြုလျက်ရှိပြီး စိုက်ပျိုးရေးသွင်းအားစု စရိတ်ကြီးမြင့်သော်လည်း မိုးလေဝသ ကောင်းမွန်မှန်ကန်ပါက သီးနှံအထွက်နှုန်းကောင်း၍ ဈေးကောင်းရရှိမည်ဆိုလျှင် လုပ်ငန်းအဆင်ပြေကြမည်ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

◆ *ရွှေ့ဖုံးမှ*

"ဒီနှစ် ငါးမဖမ်းရရာသီကို မေ၊ ဇွန်၊ ဇူလိုင်လအဖြစ် ပြန်လည်သတ်မှတ်ထားတာဖြစ်ပါတယ်။ ကမ်းဝေးငါးဖမ်းလှေတွေဖြစ်တဲ့ ဝါလက်၊ ဝါတန်း၊ ကင်းမွန်နဲ့ တခြားလှေတွေအားလုံး လုပ်ငန်းရပ်နားပြီဖြစ်တယ်။ ဝါလက်လှေကြီးတွေကတော့ ခုနစ်လပိုင်းပြန်လည်ဖမ်းဆီးခွင့်ရဖို့ တင်ပြမယ်လို့ကြားရတယ်။ ကျန်တဲ့လှေတွေကတော့ ငါးသားပေါက်ရာသီအရရော၊ လုပ်ငန်းသဘောသဘာဝအရရော ရပ်နားကြပါတယ်။ မုတ်သုံ(မိုးရာသီ)ဝင်ပြီဆိုတော့ ပင်လယ်ထဲမှာလည်း လှိုင်းလေပြင်းထန်မှုဖြစ်လာတယ်။ ငါးသားပေါက်ရာသီလည်း ရောက်လာပြီဆိုတော့ လုပ်ငန်းခွင်ရပ်နားရတာဖြစ်ပါတယ်" ဟု ဝါတန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ငါးသားပေါက်ရာသီမှာ မေ၊ ဇွန်နှင့် ဇူလိုင်လအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ရာနှုန်းပြည့် ငါးဖမ်းဆီးခြင်းရပ်နားရမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းနီးငါးဖမ်းလှေတွေကလွဲပြီး ကမ်းဝေးလှေတွေ ရာနှုန်းပြည့် လုပ်ငန်းရပ်နားရမှာပါ။ ကမ်းနီးငါးဖမ်းလှေနဲ့ ငါးသယ်လှေတွေကတော့ ပင်လယ်ထဲမှာ သွားလာခွင့်ရမှာဖြစ်ပါတယ်။ ကျန်တာက ငါးသားပေါက်ရာသီမှာ အကုန်ရပ်နားရမယ်" ဟု မြိတ်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခင်နှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငါးမဖမ်းရရာသီ(ငါးသားပေါက်ရာသီ)ကို သတ်မှတ်ခဲ့ရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧပြီ၊ မေနှင့် ဇွန်လများကို သတ်မှတ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီ ငါးဖမ်းကွက်များစွာရှိကြပြီး တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင် ငါးဖမ်းကွက်တွင် ကမ်းဝေးငါးဖမ်း လှေကြီး ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**ရန်ကုန်  မေ ၁**

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်(CTUM)မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများ တက်ရောက်ကြသည်။

**ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့် စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fiar) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားမှတ်ပုံတင်ကတ်ပြား (LabourCard)



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ပြုလုပ်ပေးနေသော အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊အလုပ်ရုံနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**အလေးထားဆောင်ရွက်**

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသောလုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏ အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏ လိုအပ်ချက်နှင့် သင့်လျော်သည့် အလုပ်အကိုင်များရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

**ပြခန်းများပါဝင်ပြသ**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို တစ်နေရာတည်း၌ တွေ့ဆုံ၍ အချိန်ကုန်၊ ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များ ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ စုစုပေါင်း ၅၂ ခုတို့မှ အလုပ်အကိုင်ရရှိရေး ပြခန်းများပါဝင်ပြသခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ တာဝန်ခံအရာရှိများနှင့် တွေ့ဆုံ၍ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်နှင့် ငွေလျှင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာ ပေးအပ်နိုင်ရေးအတွက် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ(WAVES-2025)ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မွန်ဘိုင်း  မေ ၁**

“အိန္ဒိယသည် ဆန်းသစ်တီထွင်မှု၏ ဗဟိုချက်ဖြစ်ရမည်” ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES – 2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။





**မိန့်ခွန်းပြောဖွင့်လှစ်ပေး**

ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi က တက်ရောက်၍ မိန့်ခွန်းပြောဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ မီဒီယာနှင့်ဖျော်ဖြေရေးကဏ္ဍ၌ တိုးတက်မှုများအပြင် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ပြသခဲ့သည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံ ၇၅ နိုင်ငံမှ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ အကြီးအကဲများ၊ မူဝါဒချမှတ်သူများ၊ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်သူများနှင့် အိန္ဒိယနိုင်ငံမှ နာမည်ကြီးအနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**မေ ၁ ရက်မှ ၄ ရက်ထိကျင်းပ**

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ကို မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ပေါင်းစည်းနိုင်ရေးအတွက် ပထမဆုံး ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး မွန်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ မေ ၁ ရက်မှ ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ညီလာခံသည် မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍတို့၏ အခွင့်အလမ်းများကိုရှာဖွေရန်၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် မီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၏ အနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းနယ်ပယ် ကဏ္ဍအားလုံးမှ သက်ဆိုင်သူများနှင့် ချိတ်ဆက်ပေါင်းစည်းမှုမှတစ်ဆင့် ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာသောမိတ်ဖက်များအဖြစ် သတ်မှတ်၍ နယ်ပယ်သစ်များကို ဖွင့်လှစ်ပေးနိုင်ရန်၊ နိုင်ငံနယ်နိမိတ်များကို ကျော်လွန်လာသည့် ယဉ်ကျေးမှုဖလှယ်မှုများအပေါ် အပြန်အလှန်နားလည်မှုများကို ပြုစုပျိုးထောင်ရန်နှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန်စသည့် မဟာဗျူဟာများကို ရှာဖွေသွားရန်၊ အစွမ်းထက်သော ကွန်မြူနတီရေဒီယို အစီအစဉ် ပလက်ဖောင်းမှတစ်ဆင့် ခေတ်ရေစီးကြောင်းများနှင့် မူဝါဒများအပေါ် အာရုံစိုက်၍ ဒေသခံပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု အားကောင်းလာစေရန် ရည်ရွယ်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးအား ကြည့်ရှုစစ်ဆေး၍ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**တောင်ကြီး မေ ၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ရုံးအဝင်လမ်း ခင်းခြင်းလုပ်ငန်း ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် “We are Myanmar” ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေရန် ဆောင်ရွက်ရပါကြောင်း၊ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံသားဖြစ်သကဲ့သို့ နိုင်ငံသားတိုင်းသည် တိုင်းရင်းသားများမဟုတ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲမထားဘဲ ပြည်ထောင်စု၏ အကျိုးကိုရှေးရှုပြီး တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာတင်ပြဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ရှမ်း၊ ကချင်၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ လီဆူ၊ ကိုးကန့်၊ ယင်းကြား၊ ယင်းနက်နှင့် ထနော့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ အသင်းအဖွဲ့မှတ်ပုံတင်ခွင့်ရရှိရေး၊ တိုင်းရင်းသားဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ သင်ကြားရေး သင်တန်းများနှင့် စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြရာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး၍ ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သည့်လမ်းများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက်အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ရေဆင်းအခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်း သင်ကြားလေ့ကျင့်နေမှု အခြေ



အနေများ၊ ကျောင်းအိပ်၊ ကျောင်းစား ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး တို့ကို မှာကြားပြီး စခန်းသွင်း သင်ကြား လေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇဌာနီလမ်း၊ တော်ဝင်ရတနာလမ်း၊ ရာဇသင်္ဂဟလမ်း၊ ပျဉ်းမနား - တောင်ညိုလမ်းနှင့် ရတနာအောင်မြေလမ်းများတွင် စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ တာဝန်ရှိသူများက အချိန်ပြည့် အနီးကပ် ကြီးကြပ်ဆောင်ရွက်ရေး၊ မြေသားသိပ်သည်းမှုရှိအောင် အလေးထား ဆောင်ရွက်ရန်နှင့် အသုံးပြုမည့်ကျောက်အမျိုးအစားများအား သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းအသုံးပြုနိုင်ရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုရှည် ဒုတိယဆုရရှိသည့် စာရေးဆရာ ညိမ်းညို ၏ “မေတ္တာထွေး နွေးပါသည်” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုပင် စွန့်လွှတ်ရန် ရည်သန်ထားသော တပ်မတော်သားတစ်ဦးနှင့် ပညာရေးဝန်ထမ်း ရှမ်းတိုင်းရင်းသူ လှပျိုဖြူတစ်ဦး၏ မေတ္တာဇာတ်လမ်းဖြစ်သည်။ သမားရိုးကျဖြစ်ရပ်များဟု ဆိုနိုင်သော်လည်း တပ်မတော်သားများ၏ ဘဝအခက်အခဲများ၊ ရှေ့တန်းတွင် လပေါက်၊ နှစ်ပေါက် နေခဲ့ကြရပြီးနောက်တန်းမှာ ခဏကလေးသာ နားရပြန်သော်လည်း အချစ်ရေးဘက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်နေကြရပုံ၊ တပ်မတော်သားတို့၏ အောင်ပွဲ၊ ပန်းချီကားများသည် ဆေးနှင့်မခြယ် သွေးနှင့်ခြယ်ထားကြောင်း၊ တပ်မတော်သည် လူမျိုးတစ်မျိုးတည်းကိုသာ တိုက်ခိုက်သည်မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားနေကြသော သောင်းကျန်းသူများကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုထောက်ခံမှုနှင့် မီဒီယာများ၏အားပေးမှုများက တပ်မတော်သားများအတွက် မဟာသြသဓနတ်ဆေးကြီးဖြစ်ကြောင်း၊ အသက်၊ သွေး၊ ချွေးများကို စတေးကြရင်း ပြည်သူများကိုလည်း အလုပ်ကျွေးပြုနေကြသည့် ပြည်သူ့တပ်မတော်၏ အတွင်းသရုပ်မျိုးစုံကို ရင်ခုန်လှိုက်မောဖွယ်၊ ရင်နင့်ကြေကွဲဖွယ်ကောင်းအောင် ရေးသားဖွဲ့နွဲ့ ခြယ်သထားသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် မေတ္တာရသနှင့် သုတအချိုးကျကျ လှလှပပ ရေးသားထားရာ ဆွဲဆောင်မှုရှိသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၁၈-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ် မီးသတ်စခန်းရှေ့၌ အထိမ်းအမှတ် ဆိုင်းဘုတ်တင်အခမ်းအနားပြုလုပ်

**မိတ္ထီလာ မေ ၁**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၁ ရက် နံနက်က မိတ္ထီလာမြို့နယ် မီးသတ်စခန်းရှေ့၌ အထိမ်းအမှတ်ဆိုင်းဘုတ်တင်အခမ်းအနားကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

မိုးမြင့်

ဒီမိုကရေစီအမည်ယူထားသော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် မဲမသမာမှုများ ပြည့်နှက်ခဲ့သော ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ တန်ဖိုးများကို အမှန်အကန်ပြသခဲ့သည်ဟု ဆိုနိုင်ပါသလား။ ပြည်ပငွေကြေးအထောက်အပံ့ဖြင့် တန်ဖိုးသင့်ခဲ့သော ဒီမိုကရေစီ တစ်နည်း ပြည်ပ ဩဇာခံဒီမိုကရေစီဆိုသည်မှာ စစ်မှန်သော ဒီမိုကရေစီ မည်သို့ဖြစ်နိုင်ပါမည်နည်း။

## ဒီမိုကရေစီတန်ဖိုးများ ဘာကြောင့်ကျဆင်းခဲ့ရသလဲ

ယိမ်းယိုင်ခဲ့ရသည့် မြန်မာတို့၏ အတွေးအခေါ်များ၊ ယုတ်လျော့ခဲ့ရသည့် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံတန်ဖိုးနှင့် အမျိုးသားရေးလက္ခဏာများ၊ ဆိုးဆိုးရွားရွားဖြစ်ခဲ့ရသည့် မြန်မာ့သမိုင်းကြောင်း တရားခံအစစ်ကို ဖွေရှာလိုက်တော့ မှားယွင်းသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အတူ ကျင့်သုံးခဲ့သူများ၊ အဖွဲ့အစည်းများကို တွေ့ရသည်။ ဒီမိုကရေစီနိုင်ငံတွင် ဒီမိုကရေစီ ကျင့်သုံးသူများကိုယ်တိုင် ပြည်ပနိုင်ငံ၊ ပြည်ပကုမ္ပဏီ၊ INGO ယောင်ယောင်ဖောင်ဒေးရှင်းများ၊ လူပုဂ္ဂိုလ်များ၊ ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ငွေကြေး၊ နည်းပညာ၊ ကကွက်ကကြိုးအောက်တွင် အသုံးတော်ခံ၊ အချည်ခံရသည့် ဘဝရောက်ရလျှင် ထိုနိုင်ငံများ၏ ဩဇာခံဘဝအဖြစ် အလိုလိုရောက်သွားရတော့သည်။

ဤသို့ဖြင့် ပြည်ပဩဇာခံဘဝရောက်ခဲ့ရသည့် မြန်မာနိုင်ငံရှိ ကျွန်တော်တို့လို ဒီမိုကရေစီ ချစ်မြတ်နိုးသော ပြည်သူများမှာ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ခဲ့သော ပါတီနှင့် အစိုးရနှင့်အတူ နိုင်ငံရေးသမားအချို့၏ မရောင်ရာဆီလူး၊ တလွဲအတွေး၊ တလွဲအပြုအမူများကြောင့် ဒီမိုကရေစီတန်ဖိုးကျဆင်းခဲ့ရပြီး ပြည်သူတို့၏ ဘဝများလည်း ရေတိမ်နစ်ခဲ့ရသည်။ အမှောင်သို့သာ သက်ဆင်းခဲ့ရသည်။

## အနှစ်သာရမဲ့သည့်ရွေးကောက်ပွဲဟု ဘာကြောင့်ဆိုရပါသလဲ

ဒီမိုကရေစီရွေးကောက်ပွဲတစ်ခု၌ လူထုဆန္ဒအမှန်ကို မထင်ဟပ်သည့် နိုင်ငံခြားတိုင်းပြည်တစ်ခုခုက ထောက်ပံ့သည့်ငွေကို မိမိပါတီအကျိုးငှာ အသုံးပြုဖို့ လိုအပ်ပါသလား။ ၂၀၂၀ ရွေးကောက်ပွဲအတွက် ထိုစဉ်က UEC နှင့် NLD တို့သည် အမေရိကန်သံရုံးဆီမှ ဒေါ်လာ ၄၆ သန်းကို မည်သည့်အတွက်ကြောင့် ရယူခဲ့ကြပါသလဲ။ အစိုးရနှင့် NLD အတွက် အမေရိကန်က ပေးခဲ့သည့် ဒေါ်လာ သန်း ၉၅၀ ကကော မြန်မာပြည်သူအားလုံးအတွက် ပွင့်လင်းမြင်သာမှုရှိခဲ့ပါရဲ့လား။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကိုကော စောင့်ကြည့်ခွင့် မည်သည့်အတွက်ကြောင့် မပေးခဲ့ပါသလဲ။ အောက်ခြေမှာပေါက်ပြဲနေသည့် ကြိုတင်မဲစာအိတ်များ၊ အထောက်အထားမရှိဘဲ မဲပေးခဲ့သူများ၊ မဲပေးနိုင်သည့် အရေအတွက်ထက် ပိုသွားသော တရားမဝင် ပိုလျှံမဲအရေအတွက်များ၊ ပြည်သူအများစုသိခွင့်မရခဲ့သည့် ရိုက်နှိပ်မဲအရေအတွက်၊ နှစ်ခါသုံးခါပြန် မဲပေးခွင့်ရပြီး သေပြီးသူ၊ အသက်ရာကျော် အဘိုးအဘွား ရာဂဏန်းမျှ မဲပေးခဲ့ကြသည့် ရွေးကောက်ပွဲ၊ မဲမသမာမှု ဗီဒီယိုခွေတပ်ပုံ အထောက်အထားများအပြင် နိုင်ငံရေးပါတီများနှင့် ပြည်သူများဆီမှ ထောင်ဂဏန်းရှိ တိုင်တန်းစာများ၊ ရွေးကောက်ပွဲအပေါ် မကျေနပ်သည့်ဆန္ဒပြပွဲများ စသည်စသည် အားလုံးကို ဖြေရှင်းမပေးဘဲ မည်သည့်အတွက်ကြောင့် လျစ်လျူရှုခဲ့ကြပါသလဲ၊ တပ်မတော်ဘက်က သက်သေအခိုင်အလုံနှင့် ထုတ်ပြန်ခဲ့သည့် မဲမသမာမှုစာရင်းများအပေါ် တုံ့ပြန်မှုမရှိခဲ့သည့် အခြေအနေများ၊ ဒုတိယအကြိမ် နောက်ဆုံး ပြည်ထောင်စုလွှတ်တော်ကိုပင် မခေါ်ယူနိုင်ခဲ့သည့် အငြင်းပွားဖွယ်ကိစ္စ၊ တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၅ မဲစာရင်းများ မီးရှို့ခံရမှု၊ ထိုစဉ်က ဥပဒေကို လေးစားလိုက်နာပါသည်ဆိုသူတို့ကိုယ်တိုင် လုပ်ရပ်များက ဥပဒေနှင့် ညီ /မညီ၊ NLD အစိုးရနှင့် NLD ပါတီ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့ မသိခဲ့ခြင်းမှာ ဝမ်းနည်းစရာ ကောင်းလှသည်။

ထို့အတူပြည်ပအကူအညီရယူသော ရွေးကောက်ပွဲတစ်ခု၏ရလဒ်သည် ပြည်သူ့ဆန္ဒအမှန်ကို ထင်ဟပ်ပါရဲ့လား၊ အနှစ်သာရကောရှိခဲ့ရဲ့လား မေးခွန်းထုတ်နေရမည်သာဖြစ်သည်။ ထိုစဉ်က




ရွေးကောက်ပွဲ ကန့်ပိန်းကာလသည် ကိုဗစ်-၁၉ ကို မြန်မာပြည်သူတစ်ရပ်လုံး အသည်းအသန် ရင်ဆိုင်နေရချိန်ဖြစ်သည်။ ပြည်သူကို ဗဟိုပြုသည်ဆိုသော အစိုးရအနေဖြင့် ပြည်သူ့ကျန်းမာရေးအန္တရာယ်ကို မည်သည့်အတွက်ကြောင့် မျက်ကွယ်ပြုခဲ့ကြပါသလဲ။ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ပြီးမှ ရွေးကောက်ပွဲလုပ်ရှားမှုနှင့် ရွေးကောက်ပွဲကို မည်သည့်အတွက်ကြောင့် အလျင်စလိုလုပ်ခဲ့ကြသနည်း။ စဉ်းစားစရာများ ရှိခဲ့မည်ဖြစ်သည်။ လွယ်လွယ်ကူကူ ကောက်ချက်ချနိုင်လောက်အောင်ကို ဘယ်အချိန်ပြိုင်ပြိုင်နိုင်သည်ဆိုသော NLD ပါတီဝင်များက ဤမျှမိုက်မဲခဲ့ကြသည်ကို အံ့ဩမဆုံးနိုင်ပါ။

၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ တပ်မဲရုံများကို တပ်ပြင်ပသို့ ဘာကြောင့်ထုတ်ရပါသလဲ၊ နိုင်ငံအကျိုးစီးပွားနှင့် နိုင်ငံလုံခြုံရေးအတွက် အမြဲစဉ်းစားဆောင်ရွက်နေရသည့် တပ်မတော်ကို တစ်ချိန်လုံး ဆန့်ကျင်ရလောက်အောင်ကို မိုက်တွင်းနက်ခဲ့ကြပါသည်။ တပ်စစ်သည် ရဲမေအင်အား၊ တပ်တည် တပ်လှုပ်သတင်းအချက်အလက်များစွာ ရန်သူ့လက်ထဲပါသွားနိုင်သည်ကို မသိရလောက်အောင်ပင် ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့ကြသည်။

နောင်အနာဂတ်ရွေးကောက်ပွဲများတွင် ဒီမိုး၊ ဒီလေ၊ ဒီလူများနှင့် အလုပ်ဖြစ်ပါ့မလား။ တပ်မတော်နှင့် ပြည်သူသောကအပူထပ်မဖြစ်ရလေအောင် ကြိုတင်မျှော်တွေး စဉ်းစားထားသင့်ပါသည်။ IFES ဟုခေါ်သည့် International Foundation of Electoral System ကို တချို့ကြားဖူးကြပါလိမ့်မည်။ နိုင်ငံတကာရွေးကောက်ပွဲအချို့မှာ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအတွက်ဆိုပြီး နည်းပညာပိုင်းအရ အကူအညီပေးရေးအစီအစဉ်တစ်ခုဖြစ်သည်။ 

*စာမျက်နှာ ၇ သို့*

❂ **အကယ်၍ တပ်မတော်က အာဏာမထိန်းခဲ့လျှင်လည်း NLD အနေဖြင့် ပိုနေမြဲကျားနေမြဲ ခပ်တည်တည် ဆက်လျှောက်မည်၊ အစီအစဉ်အတိုင်း လုပ်စရာရှိတာလုပ်မည်။ တပ်မတော်က အာဏာထိန်းခဲ့လျှင်လည်း ပြည်သူနှင့် ထိပ်တိုက်တွေ့မည်၊ နိုင်ငံနှင့် ပြည်သူအထိနာပြီး တပ်နှင့်ပြည်သူ သွေးကွဲမည်၊ တပ်ကို ပြည်သူက ပိုမုန်းသွားလိမ့်မည်။ နောက်ဆုံး အဖြူအမည်းမသဲကွဲက တပ်လည်းပြိုကွဲ၊ နိုင်ငံလည်း တစ်စစီဖြစ်၊ အနောက်အုပ်စုအလိုကျ ဖြစ်ရတော့မည်။ အမှန်မှာ တပ်မတော်ကအာဏာသိမ်းခြင်း၏ အကျိုးဆက်များကို တပ်မတော်ခေါင်းဆောင်များက ပိုသိ၊ ပိုနားလည်ပါသည်။ ပြည်သူနာမည့်၊ တိုင်းပြည်နာမည့်အလုပ်ကို တပ်မတော်က မလုပ်လိုသော်လည်း NLD ဘက်က အပြုအမူများကသာ တိုင်းပြည်နှင့် ပြည်သူအထိနာမည့်အခြေအနေဆီ တွန်းပို့သလို ဖြစ်ခဲ့ကြောင်းကို မြင်အောင်ကြည့်နိုင်ရမည်**

*စာမျက်နှာ ၆ မှ*

သို့သော် ထိုအစီအစဉ်သည် အမေရိကန်အလိုကျ ရလဒ်ထွက်ပေါ်စေရန် CIA အစီအစဉ်ဖြင့် မဲကစားခြင်းတစ်ခုထက် မပိုခဲ့ပါ။ ထုံးစံအတိုင်း ၂၀၂၀ ရွေးကောက်ပွဲမှာ IFES အကူအညီဖြင့် ပံ့ပိုးထားသော ကွန်ပျူတာပညာရှင်များနှင့် ကွန်ပျူတာများ အသုံးပြု၍ မဲမသမာမှုများ ပြုခဲ့ပုံရသည်ဟုဆိုလိုပါသည်။

## မလုပ်သင့်မလုပ်ထိုက်သည်ကို ဘာကြောင့် ကျူးလွန်ဝံ့ခဲ့ကြပါသလဲ

သို့ဖြစ်လျှင် ဤလူများက ယခုလို မလုပ်သင့်မလုပ်ထိုက်သည့် မဲမသမာမှုမျိုးကို မည်သည့်အတွက်ကြောင့် ကျူးလွန်ဝံ့ခဲ့ကြပါသလဲ။ NLD နှင့် ပါတီထောက်ခံသူများစွာက ဤလိုမသမာမှုမျိုးကို သူတို့ပါတီ၊ သူတို့ခေါင်းဆောင်များက ဘယ်တော့မှ ကျူးလွန်ခဲ့ခြင်းမရှိ၊ ကျူးလွန်မှာလည်းမဟုတ်ဟု မျက်စိပိတ်ငြင်းကြသည်။ အချို့က ပါတီနှင့် ခေါင်းဆောင်များအပေါ် ယုံကြည်မှုအစွန်းရောက် အစွဲလွန်ဝေဒနာဖြင့် ဖြောင်ငြင်းသည်။ အချို့က သိသိကြီးနှင့် ဘယ်လိုမှ အမှန်သိခွင့်ပေး၍မရသည့် အခြေအနေများကြောင့် ငြင်းဆန်ရခြင်းဖြစ်သည်။

တပ်မတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဘက်က UEC နှင့် NLD မဲမသမာမှုများ ဖြစ်နေသည်၊ တိုင်းသိပြည်သိကမ္ဘာသိ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုသည်၊ အဆင့်ဆင့်စနစ်တကျတောင်းဆိုခဲ့သည်။ နိုင်ငံရေးပဋိပက္ခတစ်ခုကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် လမ်းဖွင့်ပေးသည်။ နိုင်ငံကို အဆိုးဘက်ရောက်မသွားစေရန် အနုနည်းဖြင့် အနူးအညွတ်တောင်းဆိုမှုအပေါ် တင်းမာခက်ထန်စွာ တုံ့ပြန်ခံရသည့် အထောက်အထားများလည်း ရှိခဲ့သည်။ နားမလည်နိုင်သည်က ဥပမာ မိမိကိုသူခိုးဟု အကြိမ်ကြိမ်စွပ်စွဲခံရလျှင် မိမိ၏ဂုဏ်သိက္ခာအတွက် တာဝန်ယူတာဝန်ခံမှုအပြည့်ဖြင့် ပြန်လည်ချေပရမည်သာဖြစ်သည်။ တကယ်သူခိုးဖြစ်ခဲ့လျှင်တော့ ငြင်းဆန်ကောင်း ငြင်းဆန်မည် သို့မဟုတ် တုံဏှိဘာဝေနေကောင်းနေမည်။ ယခုမူ NLD ဘက်က ဘာကြောင့်များ တရားလွန်နှုတ်ဆိတ်နေခဲ့ကြသလဲ၊ ဆိတ်ဆိတ်နေခြင်းသည်ပင် ဝန်ခံရာရောက်ပါသည်။

- ❒ ဤတွင် NLD ဘက်က ဘာကြောင့်နှုတ်ပိတ်နေသည်ကို စဉ်းစားစရာများ ရှိလာသည်
- ❒ ကြားဖြတ်ရွေးကောက်ပွဲများတွင် တဖြည်းဖြည်း ရလဒ်မကောင်းတော့သည့် NLD ၏ အခြေအနေများ၊ ရွေးကောက်ပွဲမှာ NLD ပါတီက ရာနှုန်းပြည့် နိုင်ကိုနိုင်ရမည်ဟူသော တိကျသော ရည်မှန်းချက်ကြီး ပြည့်မီရန်၊ အနောက်အုပ်စုနှင့် OIC အလိုကျ ဖျက်သိမ်းပြီးသား နိုင်ငံလုံခြုံရေးဥပဒေများ၏ ကတိကဝတ်များ ပိုမိုခိုင်မာအားကောင်းစေရန်၊ NLD သက်တမ်းအတွင်း စိတ်တိုင်းကျ မပြင်ဆင်နိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်သက်တမ်းမှာ ပြင်ဆင်သွားနိုင်ရန်နှင့် နိုင်ငံအမာခံ တပ်မတော်ကို ပို၍အင်အားချည့်နဲ့သွားစေရန် စသည့်အကြောင်းတရားများကြောင့် ဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်
- ❒ ထို့ကြောင့်လည်း တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲအောင်၊ ဇာတ်နာအောင် အကြိမ်ကြိမ် ဇာတ်လမ်းဆင်ထိုးနှက်ခဲ့ကြ၊ လော်ဘီအင်အားများစွာဖြင့် ပြည်သူနှင့် တပ်မတော်အကြား သွေးခွဲခဲ့ကြခြင်းဖြစ်သည်

## မထိန်းထိန်းအောင် မသိမ်းသိမ်းအောင် ထောင်ချောက်ဆင်ခဲ့ကြလေသလား

ပြည်သူအတွက်၊ နိုင်ငံအတွက်၊ မိမိပါတီဂုဏ်သိက္ခာအတွက် တစ်ခုခု ထွက်မရှင်းသင့်ဘူးလား။ တစ်နည်း NLD ဘက်က တပ်မတော်အပေါ် အာဏာမသိမ်း သိမ်းဖြစ်အောင်ကို ထောင်ချောက်ဆင်ခဲ့ခြင်းလား၊ ဖြစ်တန်ရာသည်ဟုသာ မှတ်ချက်ပြုရမည်ဖြစ်သည်။ တကယ်တမ်း တပ်မတော်ခေါင်းဆောင်များကသာ အာဏာမက်ခဲ့လျှင် ထိုအဆင့်များကို လုပ်နေမည်မဟုတ်ပါ။ အကယ်၍ တပ်မတော်က အာဏာမထိန်းခဲ့လျှင်လည်း NLD အနေဖြင့် ပိုနေမြဲကျားနေမြဲ ခပ်တည်တည်ဆက်လျှောက်မည်၊ အစီအစဉ်အတိုင်း လုပ်စရာရှိတာလုပ်မည်။ တပ်မတော်က အာဏာထိန်းခဲ့လျှင်လည်း ပြည်သူနှင့် ထိပ်တိုက်တွေ့မည်၊ နိုင်ငံနှင့်ပြည်သူအထိနာပြီး တပ်နှင့်ပြည်သူ သွေးကွဲမည်၊ တပ်ကို ပြည်သူက ပိုမုန်းသွားလိမ့်မည်။ နောက်ဆုံးအဖြူအမည်းမသဲကွဲက တပ်လည်းပြိုကွဲ၊ နိုင်ငံလည်းတစ်စစီဖြစ်၊ အနောက်အုပ်စုအလိုကျ ဖြစ်ရတော့မည်။ အမှန်မှာ တပ်မတော်က အာဏာသိမ်းခြင်း၏ အကျိုးဆက်များကို တပ်မတော်ခေါင်းဆောင်များက ပိုသိ၊ ပိုနားလည်ပါသည်။ ပြည်သူနာမည့်၊ တိုင်းပြည်နာမည့်အလုပ်ကို တပ်မတော်က မလုပ်လိုသော်လည်း NLD ဘက်က အပြုအမူများကသာ တိုင်းပြည်နှင့် ပြည်သူအထိနာမည့်အခြေအနေဆီ တွန်းပို့သလို ဖြစ်ခဲ့ကြောင်းကို မြင်အောင်ကြည့်နိုင်ရမည်ဖြစ်သည်။

## ဘာကြောင့် နှုတ်ပိတ်နေရသနည်း

ဤတွင် NLD ဘက်က ဘာကြောင့် နှုတ်ပိတ်နေသည်ကို စဉ်းစားစရာများရှိလာသည်။ ကြားဖြတ်ရွေးကောက်ပွဲများတွင် တဖြည်းဖြည်း ရလဒ်မကောင်းတော့သည့် NLD ၏ အခြေအနေများ၊ ရွေးကောက်ပွဲမှာ NLD ပါတီက ရာနှုန်းပြည့် နိုင်ကိုနိုင်ရမည်ဟူသော တိကျသောရည်မှန်းချက်ကြီး ပြည့်မီရန်၊ အနောက်အုပ်စုနှင့် OIC အလိုကျ ဖျက်သိမ်းပြီးသား နိုင်ငံလုံခြုံရေးဥပဒေများ၏ ကတိကဝတ်များ ပိုမိုခိုင်မာအားကောင်းစေရန်၊ NLD သက်တမ်းအတွင်း စိတ်တိုင်းကျမပြင်ဆင်နိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်သက်တမ်းမှာ ပြင်ဆင်သွားနိုင်ရန်နှင့် နိုင်ငံအမာခံ တပ်မတော်ကို ပို၍အင်အားချည့်နဲ့သွားစေရန် စသည့်အကြောင်းတရားများကြောင့်ဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ထို့ကြောင့်လည်း တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲအောင်၊ ဇာတ်နာအောင် အကြိမ်ကြိမ် ဇာတ်လမ်းဆင် ထိုးနှက်ခဲ့ကြ၊ လော်ဘီအင်အားများစွာဖြင့် ပြည်သူနှင့်တပ်မတော်အကြား သွေးခွဲခဲ့ကြခြင်းဖြစ်သည်။

နောက်ဆုံး လွှတ်တော်အတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူအများအကျိုးအတွက် မေးခွန်း၊ အဆိုများမေးမြန်းတင်သွင်း၊ ဥပဒေများပြုရမည့်အစား သူတို့ပါတီအကျိုးအတွက် အနောက်အုပ်စုအလိုကျ ဘယ်လိုမှမဖြစ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ငြင်းခုံခြင်းဖြင့် အချိန်ကုန်ခဲ့ကြသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို နိုင်ငံအကျိုးငှာ လတ်တလောမလိုအပ်သေး၍ ဆန့်ကျင်ခဲ့ကြသည့် တပ်မတော်နှင့် ပြိုင်ဘက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုမူ ပြည်သူများ အထင်လွဲဇာတ်နာအောင် ဖန်တီးနိုင်ခဲ့၍ NLD ၏ လိုလားချက်များ ပြည့်ခဲ့သည်ဟုတော့ ဆိုရမည်ဖြစ်သည်။ ရွေးကောက်ပွဲနီးမှ ရွေးကောက်ပွဲ Campaign အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးစားခဲ့ကြသည့် NLD ၏ စေတနာနှင့်လုပ်ရပ်ကို တွေးဆစေလိုပါသည်။

ဘာပဲဖြစ်ဖြစ် ယခုလိုကာလ ယနေ့လို အခြေအနေမျိုးတွင် မြန်မာနိုင်ငံရေးနှင့်အတူ မြန်မာပြည်သူတို့ ကြုံတွေ့နေရသည့်ဒုက္ခအပေါင်းအစု၏ တရားခံမှာ ဒေါ်အောင်ဆန်းစုကြည်၊ NLD ပါတီနှင့် ထိုစဉ်က UEC မှာသာ အဓိကတာဝန်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲမဖြစ်ခဲ့ခြင်းက ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအနှစ်သာရတို့ကို ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံရေးနည်းဖြင့် မျှခြေနိုင်ငံရေးအခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်မည့် စေတနာနှင့် ခံယူချက်ကောင်းများကို မထားနိုင်ခဲ့ကြခြင်းနှင့် ညှိနှိုင်းမှုစွမ်းရည် အရည်အချင်းများ မရှိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။ ကောင်းမွန်သော ညှိနှိုင်းမှုစွမ်းရည်မျိုးကသာ အမှန်တရားကို ရရှိစေပြီး သို့မှသာ လွှတ်တော်အတွင်းအဆုံးအဖြတ်ရယူရာတွင် အမှန်ထက် အများဆန္ဒအလေးထားသည့်စရိုက်ကို ရရှိစေမည်ဖြစ်သည်ဟု ယုံကြည်ပါသည်။

အတွေ့အကြုံအရ ထိုကဲ့သို့မဖြစ်ခဲ့သော ပါတီနှင့် နိုင်ငံရေးသမားများကို မြန်မာပြည်သူတို့ အနာဂတ်မှာ ဘယ်လိုယုံကြည်လို့ရနိုင်မည်လဲ၊ ဒီလိုပါတီနှင့် ဒီလိုနိုင်ငံရေးသမားမျိုးတို့က ကောင်းမွန်မျှတသည့် နိုင်ငံရေးရေခံမြေခံတစ်ခုကို ဖန်တီးနိုင်စွမ်းရှိပါ့မလား၊ မြန်မာတို့၏ စရိုက်လက္ခဏာနှင့် ကိုက်ညီသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်ပါဆောင်ရွက်နိုင်သည့်အရည်အချင်း ဒီလူတွေမှာ ရှိပါ့မလား။ သူတို့အတော်မှားခဲ့ကြပါသည်။ သူတို့မှားသည့်ဒဏ်ကို ကျွန်တော်တို့အတော် ခံနေရသည်။ အရေးကြီးသည်က ပြည်သူ၏ ယုံကြည်မှုဖြစ်ပြီး ထိုယုံကြည်မှုကို လျစ်လျူရှု၍မဖြစ်ပါ။ နောက်တစ်ကြိမ် လက်ညှိုးထိုးမခံရဖို့ အရေးကြီးနေပါသည်။

" ဘာပဲဖြစ်ဖြစ် ယခုလိုကာလ ယနေ့လိုအခြေအနေမျိုးတွင် မြန်မာနိုင်ငံရေးနှင့်အတူ မြန်မာပြည်သူတို့ ကြုံတွေ့နေရသည့် ဒုက္ခအပေါင်းအစု၏ တရားခံမှာ ဒေါ်အောင်ဆန်းစုကြည်၊ NLD ပါတီနှင့် ထိုစဉ်က UEC မှာသာ အဓိကတာဝန်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲမဖြစ်ခဲ့ခြင်းက ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအနှစ်သာရတို့ကို ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံရေးနည်းဖြင့် မျှခြေနိုင်ငံရေးအခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်မည့် စေတနာနှင့် ခံယူချက်ကောင်းများကို မထားနိုင်ခဲ့ကြခြင်းနှင့် ညှိနှိုင်းမှုစွမ်းရည် အရည်အချင်းများ မရှိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။ ကောင်းမွန်သော ညှိနှိုင်းမှုစွမ်းရည်မျိုးကသာ အမှန်တရားကိုရရှိစေပြီး သို့မှသာ လွှတ်တော်အတွင်း အဆုံးအဖြတ်ရယူရာတွင် အမှန်ထက် အများဆန္ဒအလေးထားသည့်စရိုက်ကို ရရှိစေမည်ဖြစ်သည်ဟု ယုံကြည်ပါသည် "

*(ဆက်လက်ဖော်ပြပါမည်)*

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၁**

ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၁ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair) ဖွင့်ပွဲနှင့် အတူကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးသည်။

ဦးစွာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ တစ်နေရာတည်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး စီစဉ်ဆောင်ရွက်ပေးထားသည့် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီပြခန်းအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ပြုလုပ်ပေးခြင်းသည် အလုပ်လက်မဲ့များလျော့ပါးလာပြီး မိသားစုဝင်ငွေတိုးတက်စေခြင်း၊ အလုပ်လုပ်ကိုင်နိုင်သူအားလုံး အလုပ်အကိုင်ရရှိနိုင်ပါက ဒေသတွင်း ကုန်ထုတ်စွမ်းအားမြင့်မားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ခြင်း၊ အလုပ်အကိုင်ရှာဖွေသူ အလုပ်သမားများနှင့် အလုပ်သမားလိုအပ်သူ အလုပ်ရှင်များအတွက် အချိန်မကုန်၊ ငွေမကုန်ဘဲ တစ်နေရာတည်းတွင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် အကျိုးဖြစ်ထွန်းစေနိုင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို အသီးတစ်ရာ၊ အညွှာတစ်ခု သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က



အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ၏ အခန်းကဏ္ဍများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတက္ကသိုလ်ကျောင်းသူများက အဆိုတော် ဒေါ်မာမာအေး၏ မောင်အလုပ်သမား တေးသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များ၊ ပန်းဖွား၊ ဘင်ခရာနှင့် တိုင်းရင်းသားမောင်နှံအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဝန်ထမ်းများအတွက် ယာယီဆောက်လုပ် နေရာချထားပေးခဲ့သော အမှုထမ်းနှင့် အရာထမ်း အိမ်ရာများသို့ သွားရောက်၍ ရေ၊ မီး အဆင်ပြေမှုရှိ/ မရှိ၊ သန့်စင်ခန်းများ ကောင်း မကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးတွင်း ရေမဝပ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။



ထို့နောက် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသော လယ်ဝေးမြို့ မဟာစည် သာသနာ့ရိပ်သာသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံ အားပေးစကား ပြောကြားကာ မိုးတွင်းကာလ ရုံးဖယ်ရီကားများ မိုးလုံလေလုံဖြစ်စေရေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါများ မဖြစ်အောင် ဂရုပြုရေး မှာကြားသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံး မြေနေရာတွင် အရာထမ်း နှစ်ခန်းတွဲအိမ်ရာ ၁၀ လုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ပြီးစီးရေး၊ အခန်းအလိုက် ထားရှိပေးမည့် ခုတင်များ ပြီးစီးအောင် ဆောင်ရွက်ပေးရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပျဉ်းမနားမြို့ မြောက်လွတ်ကုန်း သင်တန်းကျောင်းသို့သွားရောက်၍ အရာထမ်း နှစ်ခန်းတွဲအိမ်ရာ ခုနစ်လုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပျဉ်းမနားရိပ်သာသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် သက်ဆိုင်ရာက အပြာရောင်အဆင့် သတ်မှတ်ချက်ဖြင့် ပြန်လည်နေရာချထားပေးပြီးဖြစ်သည့် သဇင် (၁)၊ သဇင် (၄)၊ သဇင် (၆) ဝန်ထမ်းအပျိုဆောင်များသို့သွားရောက်၍ တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးပြီး စာသင်ကြားနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စာစစ်ဌာနများအလိုက် ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးကာ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရန်အတွက် ရေပေးဝေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်းအမှတ်(၂) တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း လေ့ကျင့်သင်ကြားရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်အုပ်စု ခရမ်းကိုင်းကျေးရွာ ကွင်းအမှတ် ၁၈၂၃ တောင်သူ ဒေါ်သင်းသင်းခိုင်၏ လယ်မြေသုံးဧကတွင် နွေစပါးစိုက်ပျိုးထားရှိမှုအား ကြည့်ရှုအားပေးသည်။ ထို့နောက် ရေအိုးစဉ်ကျေးရွာအနီးရှိ ချောင်းမငယ်ဆည်ရေသောက်စနစ် လက်တံမြောင်း(၁၂)မှ နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေပေးဝေမှု အခြေအနေနှင့် ဆိုလာပန့်ဖြင့် ရေရရှိရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် ရန်ကုန်-မန္တလေးလမ်းဟောင်း ကြောင်ရေကျေးရွာအနီးရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် ပေ ၂၀ တံတား ကြံ့ခိုင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် သာဝတ္တိတောင်သုံးလုံး ဇေတဝန်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ (အင်းသာ)တို့သို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားမည့်နေရာများ၊ စခန်းသွင်းနေထိုင်မည့် နေရာသတ်မှတ်ထားရှိမှုများနှင့် စာသင်ကြားနေမှုများကိုကြည့်ရှု၍ ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန် /ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁**

မေ ၂ ရက်၌ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ သင်ခန်းစာများအား အနီးကပ်သင်ကြားပို့ချပေးလျက်ရှိ

**မန္တလေး မေ ၁**

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်များမှ ပါမောက္ခများနှင့် အခြေခံပညာ ဆရာ ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ဧပြီ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့သင်ကြားပို့ချပေးလျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က "ကျွန်မတို့ကျောင်းမှာတော့ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ ကလေးတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေ စီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲနဲ့ ဆေးဝါးအပါအဝင် အသေးစိတ် စီစဉ်ပေးထားပါတယ်။ Camp ကို ဧပြီ ၂၈ ရက်က စတင်ဖွင့်လှစ်ပြီး ကလေးတွေ စာမေးပွဲဖြေဆိုပြီးတဲ့အထိ ဆက်လက်ဖွင့်လှစ် သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် မနက် ၈ နာရီကစပြီး သင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည် ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား ကျောင်းသူ ၅၁ ဦးရှိပါတယ်။ နောက်ထပ်ကလေးတွေ ထပ်ရောက်ဖို့လည်း ရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရော ရှိကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေပြန်လုပ်ကြတဲ့အတွက် ကျွန်မအနေနဲ့လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောပြသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့် သက်ဆိုင်သည့် အထောက်အကူပြုသင်ခန်းစာစာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။


ဒေါ်ချောစုအောင်


မနီနီမြတ်မှူး


ကျောင်းသားမိဘ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် လေ့ကျင့် သင်ကြားရေးစခန်း၌ သင်ခန်းစာများ ပြန်လည်သင်ကြားနေသည့် ကျောင်းသူ မနီနီမြတ်မှူးကလည်း "စာမေးပွဲပြန်လည်ဖြေဆိုရမယ်ကြားတော့ ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဖြေဆိုခဲ့တဲ့စာမေးပွဲမှာ အားနည်းခဲ့တဲ့ဘာသာရပ်တွေရှိခဲ့တယ်။ အခု ပြန်လည်ဖြေဆိုရမယ့်စာမေးပွဲမှာ အစွမ်းကုန်ကြိုးစားနိုင်မယ့် အခွင့်အရေးရတယ်လို့ မြင်မိပါတယ်။ ငလျင်ကြောင့် အဖြေလွှာတွေ ပျက်စီးသွားတဲ့အတွက် နှမြောမိပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ကြိုမသိနိုင်တဲ့အတွက် အခုလိုစာမေးပွဲ ပြန်လည်ဖြေဆိုပေးရမယ့်အပေါ်မှာ လက်ခံပေးရမှာ ဖြစ်ပါတယ်။ Camp မှာတော့ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်နာရီနှုန်းနဲ့ သင်ကြားပို့ချပေးနေပါတယ်။ ဒီမှာနေရတာ နေထိုင်စားသောက်ရေး အားလုံး အဆင်ပြေပါတယ်။ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ဆောင်ရွက်ပေးပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့နည်းပညာတက္ကသိုလ် တက်ချင်တာပါ။ ဒီရည်ရွယ်ချက် ပြည့်မြောက်အောင်လည်း ကြိုးစားသွားမှာဖြစ်ပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခွင့်အရေးရှိတုန်း စာမေးပွဲပြန်လည်ဖြေဆိုပြီး အကောင်းဆုံး ကြိုးစားကြစေလိုပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မသားလေးကို တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်စေဖို့ Camp ကို လာပို့ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းသား ကျောင်းသူတွေအတွက် စာမေးပွဲပြန်လည်ဖြေဖို့စီစဉ်ပေးတဲ့အပြင် ဆရာ ဆရာမတွေနဲ့ အနီးကပ်သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်မသားလေး ပထမအကြိမ်ဖြေခဲ့တုန်းကလည်း အားရကျေနပ်မှုရှိခဲ့သလို အခု ပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာလည်း အရင်ထက်ပိုမိုကြိုးစားဖို့ မှာထားပါတယ်။ Camp မှာလည်း ဆရာ ဆရာမတွေက အားလုံးဂရုတစိုက်ဆောင်ရွက်ပေးတဲ့အတွက် ကလေးတွေလည်း လုံခြုံစွာနဲ့ သင်ခန်းစာတွေ လေ့လာနေကြပါပြီ။ နေထိုင်စားသောက်ရေးကိုလည်း အပြည့်အဝဆောင်ရွက်ပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း စိတ်ဓာတ်မကျဘဲ အခွင့်အရေးရတယ်လို့မှတ်ယူပြီး ကြိုးစားကြပါ။ အောင်မြင်မှုက နောက်က လိုက်လာပါလိမ့်မယ်" ဟု ပြောသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ်သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် လာရောက် မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း Online မှ သင်ခန်းစာများကို လေ့လာနိုင်ရန် စီစဉ်ထားကြောင်း၊ ထို့ပြင် Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel , Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဆင်ပေါင်ဝဲမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ကျိုးကျေးရွာသို့ရေလှူဒါန်း

**ဆင်ပေါင်ဝဲ မေ ၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လယ်ကျိုးကျေးရွာပြည်သူများအား ယမန်နေ့က ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်...

**ညီညီ(ရထား)**

မြန်မာနိုင်ငံ၌ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည်ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည့်အချိန်မှစ၍ ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့မှာ (၁၄၈) နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ သမိုင်းကြောင်းရှည်လျားခဲ့သည့် ကာလအတွင်းမှာ ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူ့ဝန်ဆောင်မှု ပေးလျက်ရှိသည့် ရင့်ကျက်နေပြီဖြစ်သော ဌာနကြီးတစ်ခုဖြစ်ပါကြောင်း တင်စားလိုပါသည်။

**ရထားလမ်းခရီး မိုင် ၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံ ၉၆၀ ရှိ**

မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရထားပြေးဆွဲခြင်းများထက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက်ရှိပါသည်။ ရထားလမ်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့်ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ်တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင်၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါသည်။

ရှေးယခင်က နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်က ၎င်းတို့၏ အကျိုးစီးပွားကို အထောက်အကူဖြစ်စေသည့် ရထားလမ်း၊ ကားလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပြီး နိုင်ငံတစ်ဝန်းလုံး မြေပြန့်၊ တောင်ပေါ် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကောင်းများ မရှိခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ကို တွေ့ရှိရပါသည်။

**အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်**

မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ၁၄၈ နှစ်ကြာခရီးရှည် တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုး အဖုံဖုံပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးအား တစိုက်မတ်မတ်ဖော်ဆောင် ထမ်းရွက်ခဲ့ပြီး ယနေ့ထိတိုင် ဆက်လက်ရပ်တည်လျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။




မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစဉ်။

**❑ မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရထားပြေးဆွဲခြင်းများထက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက်ရှိ၊ ရထားလမ်းတိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ် တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်**

မြန်မာ့မီးရထား၏ အဓိကလုပ်ငန်းတာဝန်မှာ ခရီးသည်နှင့်ကုန်စည်များကို လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုရန်ပင် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် လူ၊ ပစ္စည်း၊ ငွေကြေး စသောသယံဇာတများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစွာဖြင့် အထိရောက်ဆုံးအသုံးချနိုင်ရေး၊ ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်ရသောအခြေအနေတွင် စီးပွားရေးဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်တစ်လျှောက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်မှုစွမ်းပကားမြှင့်တင်ရန်၊ လုံခြုံစိတ်ချစွာဖြင့် အချိန်တိုအတွင်း ခရီးသည်နှင့် ကုန်စည်အများအပြားကို လိုရာခရီးဆုံးအရောက် အထိရောက်ဆုံးသယ်ပို့နိုင်သည့် စွမ်းရည်မြင့်မားသော အဖွဲ့အစည်းဖြစ်လာစေရေးအတွက် ရည်မှန်းချက်တာဝန်များချမှတ်ထားရှိမှုနှင့်အတူ အဆိုပါ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် စွမ်းဆောင်နိုင်ရေးကိုလည်း ရထားဝန်ထမ်းအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်နေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။

ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများအပေါ် ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် ပါဆယ်ပစ္စည်းနှင့် ကုန်စည်အမျိုးမျိုးကို ရထားလမ်းတစ်လျှောက် ဒေသအသီးသီးသို့ ဈေးနှုန်းချိုသာစွာဖြင့် ဆောလျင်စွာ သယ်ပို့ပေးနိုင်ရေးတို့သည် ပဓာနကျသည့် ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်ကြောင်းကို မြန်မာ့မီးရထားဝန်ထမ်းအားလုံးက နှလုံးသွင်း ခံယူထားရှိကြပြီးလည်းဖြစ်ပါသည်။

**ဂုဏ်ပြုမှတ်တမ်းတင်**

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့အပြား ပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း မသမာသူ၊ အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ပျက်စီးစေရေး ပြည်သူအများ ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင်ခြိမ်းခြောက်ခြင်း၊ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အချိန်ထိ မြန်မာ့မီးရထား၏ ရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း အကြိမ် ၈၀၊ ရထားတံတား/ သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခံရခြင်း ၁၆ ကြိမ် ဖြစ်ပေါ်ခဲ့ရာ ရထားလမ်း/ တံတားများထိခိုက်ပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်တိမ်းမှောက်မှုများကြုံတွေ့ခဲ့ရခြင်း၊ ရထားလမ်းပိုင်းပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ကြရပါသည်။ ယင်းကဲ့သို့ ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်လာသည့်အခါတိုင်းတွင်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများက ဘေးအန္တရာယ်အခက်အခဲများကြားက ရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နေ့နေ့ညည တာဝန်ကျေပွန်စွာ ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်နေသလို နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအားနည်းလျှင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအပါအဝင် ကျန်ကဏ္ဍအားလုံး ထိခိုက်စေနိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဘက်ဘက်က အားနည်းသွားစေနိုင်ပါသည်။

**အသိအမှတ်ပြုတင်ပြ**

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဘေး၊ မြေငလျင်ဘေး စသည့်သဘာဝဘေးများ ဖြစ်ပေါ်မှုကြောင့် ရထားပြေးဆွဲရေးလုပ်ငန်းများအပေါ် ကြီးမားသည့်ထိခိုက်မှုများ ကြုံတွေ့ခဲ့ကြရသော်လည်း မြန်မာ့မီးရထားမှ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ခဲ့မှုများကိုလည်း အသိအမှတ်ပြုတင်ပြလိုပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်းဘူတာအကြား မြေသားတာပေါင်/ တံတားများ ကြီးမားစွာပျက်စီးခဲ့ရပါသည်။ အစုန်လမ်းတံတားပျက်စီးခဲ့မှုကြောင့် ဒွေးလမ်းစနစ်မှ

*စာမျက်နှာ ၁၁ သို့*

# ကယားပြည်နယ်ဝန်ကြီးချုပ် အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**လွိုင်ကော် မေ ၁**

ကယားပြည်နယ်အတွင်း အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဘီလူးချောင်းကမ်းပါးမြေထိန်းနံရံများ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း စာသင်ခန်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းအိပ်ဆောင်များ၊ လက်တွေ့သင်ကြားရေး အလုပ်ရုံများ ပြင်ဆင်နေမှုနှင့် လိုအပ်သည်များ ထပ်မံပြုပြင်ရန်တို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဖွင့်ရာသီတွင် စာသင်ခန်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းအိပ်ဆောင်များ၊ လက်တွေ့သင်ကြားရေးအလုပ်ရုံများအားလုံး အသင့်ဖြစ်စေရေး၊ ကျောင်းဥပမိရိပ်ကောင်းမွန်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး အလေးထား ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးနှင့် ပြည်နယ်သမဝါယမဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ဘီလူးချောင်း ကမ်းနားလမ်းသို့ ရောက်ရှိကာ မိုးရာသီတွင် ရေကြီးရေလျှံဖြစ်ပေါ်မှုမှ ကာကွယ်နိုင်ရေး မြေထိန်းနံရံများပြုပြင်ရန် လိုအပ်သည့်နေရာများကို ထပ်မံတည်ဆောက်နိုင်ရန်နှင့် ဘီလူးချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် သဲနုန်း၊ ကျွန်းမွှားများ စသည့် ရှင်းလင်းရန်လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**



# ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း သမဝါယမ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်၊ စားသုံးသူ အသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဒေသမှ ထွက်ရှိသော ကြက်သွန်နီပိဿာချိန် ၂၁၀၀၀ အား သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

- ❑ **ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်းလုံး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားမှ ဝန်ထမ်းအနေဖြင့် ရထားပြေးဆွဲမှုလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်သွားကြစေလိုပါကြောင်းနှင့် ခေတ်စနစ်နှင့်အညီ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထားဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်ခဲ့သော မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ဂုဏ်ပြုအပ်ပါသည်**

ကေလမ်းစနစ်သို့ပြောင်းလဲပြီး လမ်းပိုင်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် မြစ်သား - မင်းစုဘူတာအကြား အစုန်/အဆန်ရထားလမ်း ထိခိုက်ပျက်စီးသွားခဲ့ခြင်းကိုလည်း လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ လူစီးအမြန်ရထားအား စတင်ပြေးဆွဲပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့တွင် အဆိုပါလုပ်ငန်းခွင်များအထိ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ မြန်မာ့မီးရထားဝန်ထမ်းများ၏ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ပြုပြင်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် သဲတော-သပြေတောင်းအကြား အဆန်လမ်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်း ရထားခရီးစဉ်များကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က ဖြစ်ပေါ်ခဲ့သည့် အင်အား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်ပြင်းထန်မြေလျှင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း တစ်လျှောက်နှင့် အခြားလမ်းပိုင်းအချို့ရှိ စုစုပေါင်း ဘူတာ ၅၆ ရုံနှင့် ရထားသွားလာရေးလုပ်ငန်းဆောင်ရွက်သည့် ဆက်စပ်အဆောက်အအုံ ခြောက်လုံး ပြိုကျပျက်စီးခြင်း၊ ရထားလမ်းမြေသားတာပေါင် ကွဲအက်မှုများဖြစ်ပေါ်ခြင်း၊ သံလမ်းများ တွန့်လိမ်ပျက်စီးမှု ၆၄ နေရာ၌ ဖြစ်ပေါ်ခြင်းနှင့် အဓိကရှေးဟောင်းတံတားကြီးဖြစ်သည့် စစ်ကိုင်းတံတားကြီးအပါအဝင် ရထားတံတား ၁၁ စင်းတို့ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။ မြေငလျင်ဒဏ်ကြောင့် ဝန်ထမ်းနေအိမ်အချို့ ပြိုကျပျက်စီးပြီး ဝန်ထမ်းနှင့်မိသားစုဝင်အချို့ သေဆုံး/ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရသည့်ကြားကပင် မြန်မာ့မီးရထားမှ ဝန်ထမ်းများသည် ဤမျှကြီးမားစွာ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းနှင့် တံတားများကို ယင်းတို့၏ လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားနိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ရက်သတ္တတစ်ပတ်အတွင်း ရထားလမ်းပိုင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ စတင်ကာ ရန်ကုန် - မန္တလေး လူစီးရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ခြင်းများအပေါ် မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါသည်။

**နိုင်ငံတော်အနေဖြင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်**

နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိရာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းများအနေဖြင့် ၁၉၈၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စက်မှုစီးပွားထူးချွန်တံဆိပ် ပထမအဆင့် တစ်ဦး၊ ဒုတိယအဆင့် ကိုးဦး၊ တတိယအဆင့် ၂၈ ဦး၊ စီမံထူးချွန်တံဆိပ် ပထမအဆင့် ၁၁ ဦး၊ ဒုတိယအဆင့် သုံးဦး၊ တတိယအဆင့် ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့် ၁၂ ဦး၊ ဒုတိယအဆင့် ၂၃ ဦး၊ တတိယအဆင့် ၇၅ ဦး၊ ရဲဗလတံဆိပ် ရှစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်ခံရသူ အရာထမ်း/အမှုထမ်း စုစုပေါင်း ၄၇၅၉ ဦး ရှိခဲ့ပါကြောင်း မှတ်တမ်းများအရ ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။

**(၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ဂုဏ်ပြု**

အချုပ်အားဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်းလုံး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားမှ ဝန်ထမ်းအနေဖြင့် ရထားပြေးဆွဲမှုလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများစိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်သွားကြစေလိုပါကြောင်းနှင့် ခေတ်စနစ်နှင့်အညီ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထားဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း **၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်ခဲ့သော မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ဂုဏ်ပြုအပ်ပါသည်။** ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　မေ　၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ အေးမြဝတီ ရပ်ကွက်ရှိ (ခုတင်၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံတွင် အမှတ်(၆) အထူးဆောက်လုပ်ရေးအဖွဲ့(အဆောက်ဦးဌာန)မှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများအား ပြန်လည်မွမ်းမံဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်အတွင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများအား ကြည့်ရှုပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှင်းလင်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိမြို့မစည်ပင်သာယာဈေးအတွင် ဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာဈေးရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသောအဆောက်အအုံများ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စီတီးရပ်ကွက်ရှိရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရန်စေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့အား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား သွားရောက်ဖူးမြော်၍ ဩဝါဒခံယူကာ သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေထိုင်တော်မူနိုင်ရန်နှင့် ဆွမ်းကိစ္စအခက်အခဲမရှိအဆင်ပြေစေရန်အတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မဒူတ ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဆေကိန္ဒနှင့်အတူ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများသို့ သွားရောက်ကြည့်ရှုပြီး အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးမြို့ ၃၅ လမ်းတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို ဦးစားပေး၍ အမြန်ဆုံးဖယ်ရှား ရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့သွားရောက်၍ Modular House တည်ဆောက်ခြင်းနှင့် ယာယီရုံးခန်း ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူ ဘုရားသုံးဆူမြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာဘုရား၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) နေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းအနီးရှိ ငလျင်ဒဏ်သင့် ပြည်သူများယာယီတည်းခိုရေးစခန်းသို့ သွားရောက်ကြည့်ရှု၍ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၁၃ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး)၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။

# (၁၂)ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲ ပြုလုပ်

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပြုလုပ်သည့် (၁၂) ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံပွဲ (12th ASEAN Navy Young Officers Interaction) ကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက် အထိ ရန်ကုန်မြို့ LOTTE HOTEL ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အရာရှိငယ်များသည် ဧပြီ ၂၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ နိုင်ငံအလိုက် ရေတပ်သမိုင်းကြောင်းရှင်းလင်းခြင်းနှင့် **“ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေးပေါင်းစည်းညီညွတ်အားဖြင့် ဟန်ချက်ညီဆောင်ရွက်ကြပါစို့”** ခေါင်းစဉ်အား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များအား စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် LOTTE HOTEL ရှိ Sapphire Ballroom ခန်းမ၌ ကြိုဆိုလက်ခံ တွေ့ဆုံခဲ့သည်။ ဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များက တစ်ဦးချင်း နှုတ်ဆက်စကား ပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ညပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



အာဆီယံရေတပ်အရာရှိငယ်များသည် တပ်မတော် (ရေ) လေ့လေ့ာ်ရှက်တိုက် အသင်း (အင်းလျားကန်) တွင် လေ့လော့ခြင်းနှင့် ရွက်တိုက်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက် ခဲ့ကြပြီး အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ စစ်ရေယာဉ်အား သွားရောက်လေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာ ကြည့်ရှုခြင်းနှင့် ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း ဈေးတို့သို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြသည်။ အာဆီယံရေတပ်အရာရှိငယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက်၊ ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များဖြင့် တွေ့ဆုံ၍ အလှူရှင်တစ်ဦးက မတည်ပေးသည့်ငွေကျပ်သိန်း ၅၀၀ အား ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရာတွင် အသုံးပြုမည့်အစီအမံများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ နေထိုင်ရန်မသင့်သောအဆောက်အအုံ ရှစ်လုံးအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၈၉၂ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၄၆၁၇ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၇၅ လုံးမှ အဆောက်အအုံ ၂၀၅ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန် ကျန်အဆောက်အအုံအလုံး ၇၀ ဖြစ်သည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူ ရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။**

ဆက်လက်၍ ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု အခြေအနေများသွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက် အအုံများပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် 8 Magnitude ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ဘိလပ်မြေ၊ သံချောင်းများ ဝယ်ယူနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများမှလည်း ပြန်လည်လည်ပတ်နိုင်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေလဒုတိယအပတ်တွင် စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့်လမ်းတံတားပျက်စီးခဲ့မှု နှင့်ပတ်သက်၍ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော သော်တာဝင်းကုမ္ပဏီမှ တာဝန်ရှိသူများ၏ ပြင်ဆင်ပြီး၊ ပြင်ဆင်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းပိုင်းပျက်စီးမှုများ စစ်ဆေးခဲ့ရာ ပျက်စီးမှု ရှစ်နေရာရှိခဲ့ပြီး ကုမ္ပဏီမှ ငါးနေရာအား အပြီးသတ်ပြင်ဆင်ပေးပြီးဖြစ်ကာ သုံးနေရာမှာ ယာယီပြုပြင်ပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ယာယီပြုပြင်ထားသောနေရာများအား အပြီးသတ်တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ပျက်စီးသွားသောလမ်းပိုင်းနေရာများသည် ရန်ကုန် – မန္တလေး ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသော လမ်းပိုင်းနေရာများဖြစ်သည့်အတွက် ဦးစားပေးပြင်ဆင်သွားရန်နှင့် အရည်အသွေးပြည့်မီစွာ ပြုပြင်သွားရန် မှာကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် MODULAR HOUSE များတည်ဆောက်ရန် စေတနာရှင်၊ အလှူရှင်များမှ လာရောက်လှူဒါန်း ငွေများလက်ခံခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

▼ *ကျောဖုံးမှ*

ခြေစွမ်းပြသနိုင်ခဲ့ပြီး ၎င်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများက ပြိုင်ဘက်အင်တာမီလန်အသင်းခံစစ်နှင့် ဂိုးသမား အခက်တွေ့စေခဲ့သည်။ ဘာစီလိုနာအသင်းသည် အင်တာမီလန် အသင်းကို ပွဲကစားချိန် ၂၁ မိနစ်အတွင်း နှစ်ဂိုးပြတ်ရှုံးနိမ့်နေခဲ့သော်လည်း နောက်ပိုင်း ပွဲချိန်များတွင် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။

**လက်စွမ်းပြကာကွယ်**

အင်တာမီလန်အသင်းမှ ကွင်းလယ်ကစားသမား ဒမ်ဖရိုင်းစ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် နှစ်ဂိုးသွင်းပြီး တစ်ဂိုးဖန်တီးနိုင်ခဲ့သည်။ ထို့အပြင် အင်တာမီလန်အသင်းဂိုးသမား ဆွန်မာသည် ဘာစီလိုနာအသင်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ အင်တာမီလန်အသင်းသည် ဘာစီလိုနာအသင်း၏ ဖိအားပေးကစားမှုအောက် ခြေစွမ်းကောင်းပျောက်ဆုံးခဲ့သော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှ တစ်ဆင့် ရရှိလာသည့်အခွင့်အရေးများကို အမိအရ အသုံးချနိုင်ခဲ့သည်။

**ချန်ပီယံလိဂ်အဆုံးအဖြတ်ပွဲစဉ်**

ဘာစီလိုနာနှင့် အင်တာမီလန် အသင်းတို့သည် ပထမအကျော့တွင် ပြတ်သားသည့် ရလဒ်ထွက်ပေါ်ထားခြင်း မရှိသည့်အတွက် မေ ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့မှာ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲစဉ်ဖြစ်လာမည် ဖြစ်သည်။

**အောင်ဇော်**

---

❂ *ကျောဖုံးမှ*

ပွဲစဉ်(၃) ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏ လေ့ကျင့်ရေးကွင်း – ၁ ၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း၌ ရောဝတီအသင်းနှင့် အား/ကာ သိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MWL

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁)ရှိ ရွှေမြင်တင်ဘုရားဝင်းအတွင်း မေ ၁ရက်က ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ဆီမီး၊ ရေချမ်း၊ ပန်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများ ကုသိုလ်ပြုစုပေါင်းဆောင်ရွက်စဉ်။

မောင်မွေး

# နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်တိုးဝင်ရောက်လာသည်ဟု အမေရိကန်သမ္မတ ပြောကြား

**ဝါရှင်တန် မေ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့စီးပွားရေးခေါင်းဆောင်အချို့နှင့် ကျင်းပသည့် အခမ်းအနားတွင် နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်တိုးဝင်ရောက်လာကြောင်း ကြွေးကြော်ခဲ့သည်။

အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်စီစဉ်နေသော အဓိကကုမ္ပဏီကြီးများမှ စီအီးအို ၂၀ ကျော်သည် ဧပြီ ၃၀ ရက်တွင် အိမ်ဖြူတော်၌ ကျင်းပသော အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အိမ်ဖြူတော်အခမ်းအနားသို့ တက်ရောက်ခဲ့သော ကိုယ်စားပြုကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုအသစ်အတွက် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း စုပေါင်းကြေညာခဲ့သည်ဟု မစ္စတာထရမ့်က ပြောသည်။

ရင်းနှီးမြှုပ်နှံမှုအသစ်များ၊ စက်ရုံအသစ်များ၊ အလုပ်ဖန်တီးမှုအသစ်များသည် အမေရိကန်စီးပွားရေး အားကောင်းလာသည့် အမှတ်သင်္ကေတများဖြစ်ကြောင်းနှင့် အမေရိက အနာဂတ်ကို ယုံကြည်ကြောင်း ကြေညာချက်ပင်ဖြစ်သည်ဟု သမ္မတထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

အိမ်ဖြူတော်ရင်းနှီးမြှုပ်နှံမှု အခမ်းအနားသို့ တက်ရောက်လာသူများထဲတွင် ဂျပန်ဆော့ဖ်ဘဏ် အုပ်စု ဥက္ကဋ္ဌနှင့်စီအီးအို ဆန်မာဆာယိုရှိလည်း ပါဝင်ခဲ့သည်။ အဆိုပါအဖွဲ့သည် အမေရိကန်အခြေစိုက် အိုးပင်အေအိုင်နှင့် အခြားအိုင်တီကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သစ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နောက်ထပ်လည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိသည်။

ဆန်က ၎င်း၏ အစီအစဉ်နှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုတွင် အခြေခံအဆောက်အအုံများအတွက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် အေအိုင်ဦးဆောင်မှုကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် အေအိုင်သည် အနာဂတ်ကာလတွင် စက်မှုလုပ်ငန်းတိုင်းနှင့် လူသားများ၏ဘဝပုံစံကို ပြောင်းလဲပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။




အင်န်အိတ်ချ်ကေ

# တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒက်ဆိုး ရာထူးမှ နုတ်ထွက်



**ဆိုးလ် မေ ၁**

တောင်ကိုရီးယားနိုင်ငံ၏ ယာယီသမ္မတနှင့် ဝန်ကြီးချုပ်ဖြစ်သူ ဟန်ဒက်ဆိုးသည် ရာထူးမှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ဟန်က လာမည့် သမ္မတရွေးကောက်ပွဲအတွက် ၎င်း၏ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှုကို မေ ၂ ရက်တွင် ကြေညာရန် ယုံကြည်ထားကြောင်း နိုင်ငံအတွင်း မီဒီယာများက ပြောကြားသည်။

ဟန်က ၁၉၇၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ် အစောပိုင်းအထိ အစိုးရအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး ယွန်းဆော့ယိုးအစိုးရအဖွဲ့ စတင်ကတည်းက ဝန်ကြီးချုပ်ဖြစ်ခဲ့ကြောင်း သိရသည်။ လတ်တလော ရွေးကောက်ပွဲမဲဆန္ဒနယ်များက ဟန်အတွက် ထောက်ခံမှုတိုးလာကြောင်း ပြသခဲ့သည်။ အချို့ကွန်ဆာဗေးတစ်ဝါဒီများက ယခုအခါ ၎င်းသည် အာဏာရပြည်သူ့အာဏာပါတီ၏ ပံ့ပိုးမှုကိုရရှိမည်ဟု မျှော်လင့်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ မြစ်အတွင်း၌ ကလေးခြောက်ဦး ရေနစ်သေဆုံး

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ မြစ်အတွင်း အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အကြား ကလေးခြောက်ဦး ရေနစ်သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲအရာရှိတစ်ဦးက မေ ၁ ရက်တွင် အတည်ပြုပြောကြားသည်။

ကလေးခြောက်ဦးမှာ မိသားစုဝင်များဖြစ်ကာ ဧပြီ ၃၀ ရက်ညနေပိုင်းက မြစ်ထဲသို့ရေကူးရန်သွားရောက်ခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

နွေရာသီအားလပ်ရက်ကို ဖြတ်သန်းရန် ကလေးများအနက် လေးဦးမှာ ပြည်နယ်၏မြို့တော် အာမက်ဒါဘက်မြို့ ခီဒါပြည်နယ်ရှိ မိခင်ဘက်မှတော်စပ်သည့် ဦးလေးအိမ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား တင်းမာမှုများလျှော့ချရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ မေ ၁**

လွန်ခဲ့သော သီတင်းပတ်အတွင်း ကက်ရှ်မီးယားဒေသတွင် ဖြစ်ပွားခဲ့သော လူများ သေဆုံးခဲ့သည့် တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ ယခုအခါတွင် ကုလသမဂ္ဂက အဆိုပါအရေးနှင့် ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

ဧပြီ ၂၂ ရက်တွင် အိန္ဒိယအုပ်ချုပ်သည့် ဂျမူးနှင့်ကက်ရှ်မီးယားဒေသတွင် ခရီးသွားဧည့်သည်အုပ်စုတစ်စုကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူ ၂၆ ဦး သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုတွင် ပါကစ္စတန် ပါဝင်ပတ်သက်မှုရှိနိုင်သည်ဟု အိန္ဒိယက စွပ်စွဲလိုက်ပြီး တန်ပြန်တိုက်ခိုက်ရေး အစီအမံများ လုပ်ဆောင်လျက်ရှိသည်။

ပါကစ္စတန်က အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုတွင် မပါဝင်ကြောင်း ငြင်းဆိုထားသည်။

ထိုအချိန်မှစ၍ နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များအကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ နှစ်နိုင်ငံအကြား သံတမန်ရေးဆိုင်ရာအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး ဝေဟင်ပိုင်နက်အသီးသီးကိုလည်း ထိန်းချုပ်လိုက်ကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့နှင့် ဧပြီ ၂၉ ရက်က တွေ့ဆုံခဲ့ပြီး တင်းမာမှုများလျှော့ချရန် တိုက်တွန်းခဲ့သည်။ တစ်ဖက်နှင့် တစ်ဖက် ထိပ်တိုက်တွေ့ဆုံခြင်းက ကမ္ဘာကြီးအတွက် ကပ်ဘေးကြီးတစ်ခုဖြစ်ပေါ်စေနိုင်ကြောင်းလည်း သတိပေးပြောကြားခဲ့သည်။



အင်န်အိတ်ချ်ကေ



# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၁၀၃၅ ဦးရှိ

**အူလန်ဘာတာ မေ ၁**

မွန်ဂိုလီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဝက်သက်ရောဂါဖြစ်ပွားသူ ၄၉ ဦးရှိရာ နိုင်ငံတစ်ဝန်း ရောဂါဖြစ်ပွားသူပေါင်း ၁၀၃၅ ဦးရှိကြောင်း နိုင်ငံ၏ အမျိုးသားရောဂါ ကူးစက်ပျံ့နှံ့မှုဆိုင်ရာစင်တာ(အင်န်စီစီဒီ)က မေ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ရောဂါကူးစက်ခံရသူ အများစုမှာ ကျောင်းနေအရွယ်ကလေးများဖြစ်ပြီး ၎င်းတို့သည် ဝက်သက်ရောဂါကာကွယ်ဆေး တစ်ကြိမ်သာ ထိုးနှံထားသူများဖြစ်ကြောင်း အဆိုပါစင်တာက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အင်န်စီစီဒီက ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူခြင်းဖြင့် ဖြစ်နိုင်ခြေရှိသည့် ပြင်းထန်ရောဂါများမှ ကလေးများကို ကာကွယ်ရန် မိဘများအား အကြံပြုထားသည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် တိုက်ရိုက်ဆက်သွယ်မှုများမှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်သည်။

ဆင်ဟွာ

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားတက်ရောက်ပြီး မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးတို့က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ အကျယ်မြေ ဧက ၃၀ တွင် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ အားလပ်ရက်များတွင် အပန်းဖြေအနားယူနေနိုင်ရန်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်နေသည့် ပြည်သူ့ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် စေတနာထားကာ ဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါပြည်သူ့ရင်ပြင်အတွင်း ပန်းအလှပင်များ စိုက်ပျိုးနေမှု၊ ရင်ပြင်အတွင်း နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု၊ အများသုံး သန့်စင်ခန်းနှင့် ရုံးအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁ ရက်အထိ သေဆုံးသူ ၃၈၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅,၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၃၀ ရက် ည ၇ နာရီမှ မေ ၁ ရက် ညနေ ၅ နာရီအတွင်း မြန်မာထိုင်ဝမ်ကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ခြင်ထောင်၊ ခေါက်ဆွဲခြောက်နှင့် ရွက်ဖျင်တဲစုစုပေါင်းတန်ချိန် ၁ ဒသမ ၃၄၂ တန်နှင့် Full Moon Services Ltd မှ မှာယူ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ငလျင်ဘေးသင့် ဝန်ထမ်းများ အသုံးပြုနိုင်ရန် လှူဒါန်းသည့် ရွက်ဖျင်တဲ တန်ချိန် ၃ ဒသမ ၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် ၃၂ ရက်မြောက် ဈေးကားများ လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၂ ရက်မြောက်အဖြစ် ဈေးကား ရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက်မှ မေ ၁ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံ ဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ပညာရေးတိုက်တန်း၊ တပ်ကုန်းခုတင်-၁၀၀ ဆေးရုံ၊ MICC-2၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ ပိတောက်မြေအသံလွှင့်ဌာန၊ အပျိုဆောင်၊ လူပျိုဆောင်များ၊ စည်ပင်ဥယျာဉ်ရိပ်သာ (၁)(၂)၊ Gold Camp၊ နှင့် အထက(၁၁) တို့ရှိ ဝန်ထမ်းများနှင့်ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၁၀၀၆၁ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၃၃ အိတ်၊ ဆီ ပိဿာ ၃၃၃၇၀၊ ဆား ၁၅၀၉ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၄၂၉ ထုပ်၊ ငါးပိ ၂၉၂ ပိဿာ၊ ကြက်သား အကောင် ၂၅၀၊ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥ အလုံး ၁၄၆၂၀၊ ဘဲဥအလုံး ၆၄၈၀၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ပိဿာ ၄၀၊ ငါးမုတ်ပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေး သွားမည်ဖြစ်သည်။



အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၀၈ အိတ်၊ စားအုန်းဆီ ၄၈၇၃ ပိဿာ၊ ဆား ၆၉ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၅၄ ဘူး၊ ငါးပိ ၂၂ ပိဿာ၊ ကြက်သွန်နီ ၅၆၈ ပိဿာ၊ အသားတု ၂၆ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၉၆ အိတ်၊ စားအုန်းဆီပိဿာ ၅၇၂၀၀၊ ဆား ၁၀၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၈ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက် ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကြက်သား၊ ကြက်ဥနှင့် ဘဲဥများ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေး

**နေပြည်တော် မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းလျက် ကြက်သား၊ ကြက်ဥနှင့် ဘဲဥဈေးကားသည် နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်တို့တွင် ကြက်သားပိဿာ ၅၀၊ ကြက်ဥအလုံး ၄၀၀၀ နှင့် ဘဲဥအလုံး ၅၀၀ ကို ရောင်းချပေးခဲ့သည်။ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းလျက် ပြည်သူများ သက်သာချောင်ချိရေးအတွက် မတ် ၃၁ ရက်မှ ဧပြီ ၃၀ ရက်အထိ ကြက်ဥအလုံးရေ ၈၅၀၁၅ လုံး၊ ဘဲဥအလုံး ၃၀၊ ဆိတ်သားပိဿာ ၄၀၊ ကြက် သား ၇၈၆ ဒသမ ၁၀ ပိဿာ၊ ဝက်သားပိဿာ ၃၀၀ နှင့် အမဲသားပိဿာ၅၀ တို့ကို ရောင်းချပေးခဲ့ပြီး ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်တော်မူသကျမာရဇိန်အံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ပဌာန်းသိမ်းအောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူ



ယင်းနောက် အံတော်ရှင်တောင်တန်းသာသနာပြု ဗဟိုဓမ္မ ဗိမာန်တော်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြစ်ကြီးနား မေ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အောင်တော်မူသကျမာရဇိန်အံတော်ရှင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် အကြိမ်(၃၀) မြောက် အသံမစဲကျမ်းမြတ် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၂ ရက်မှစတင်၍ ကိုးရက်တိုင်တိုင် ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပဌာန်းသိမ်းအောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကို ကျင်းပသည်။

ဦးစွာ ပဌာန်းသိမ်းအောင်ပွဲအဖြစ် နန်းကွေ့ကျေးရွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာဂန္ထာရုံကျောင်းတိုက် ဘဒ္ဒန္တဟိတေသိတ အမှူးပြုသော ဆရာတော်မထေရ်မြတ်များထံမှ အလှူရှင်များနှင့် ညှော့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကို အောင်တော်မူသကျမာရဇိန်အံတော်ရှင်စေတီတော်ကြီး ရင်ပြင်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များက ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများအား ဆွမ်းဆန်တော်၊ ပစ္စည်းကိုးပါး အလှူတို့ကို လောင်းလှူပူဇော်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနား တက်ရောက်

**ထားဝယ် မေ ၁**

မေ ၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ (ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ကျွန်းစု) မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးများမှ မှတ်ပုံတင်ဝင် ကုန်တင်ကုန်ချ အလုပ်သမား ၁၂၉ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီ တစ်လီတာနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၁၁ဂ၈ဂဂဂဂ ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နှင့် တာဝန်ရှိသူများက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့၏ အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာ ဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ စာအုပ်စာတမ်းများ ပြသထားမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ထားဝယ်မြို့ မြို့တော်ခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများ၊ ဒေသထွက်ကုန်နှင့် ဒေသထွက် စားသောက်ကုန်များ၊ MSME ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းတွင် လုပ်ငန်းရှင်များမှ ထုတ်လုပ်သော ဒေသထုတ်ကုန်ပစ္စည်းများ စုစုပေါင်း အရောင်းပြခန်း ၁၈ ခန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ၂၀၂၅ ခုနှစ် မေလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၄ ဒီဂရီ ဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅၂ ရာခိုင်နှုန်းမှ ၆၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅၂ မီလီမီတာမှ ၆၃ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၄ မီလီမီတာမှ ၇၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားကြီးရင်ပြင်တော်နှင့် ဘုရားကြီးသိမ်တော်ပရိဝုဏ်အတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှုခင်းသာလမ်းအပိုင်း(၃) ပွိုင့်အပန်းဖြေ စခန်းဘက်ခြမ်းတွင် ရေတားနံရံဘေးတစ်လျှောက် ဒီရေလှိုင်းဒဏ် ကာကွယ်စေရန် Tetrapod အလုံး ၃၀၀ အား အသင့် ပြုလုပ်ပြီးနေရာချထားခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင့်ပြုလုပ်ပြီး Tetrapod များအား စက်ယန္တရားများဖြင့် သယ်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင့်ပြုလုပ်ပြီး Tetrapod များအား စက်ယန္တရားအင်အား၊ လူအင်အားများအသုံးပြုကာ နေရာချထားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် လုပ်ငန်းခွင်အန္တရာယ်၊ ဒီရေလှိုင်းအန္တရာယ်ကာကွယ်နိုင်ရန် စနစ်တကျဆောင်ရွက်နိုင်ရေး၊ ကမ်းခြေပတ်လမ်းတိုးချဲ့ဆောင်ရွက်ရန်အတွက် စနစ်တကျနေရာချထား ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အသင့်ပြုလုပ်ပြီး Tetrapod များအား နေရာချထားနေမှု၊ လိုအပ်သောနေရာများတွင် စက်ယန္တရားများဖြင့် မြေညှိပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒီရေအတက်အကျ၊ ရာသီဥတု အခြေအနေအပေါ် ဆောင်ရွက်ရသည့်အတွက် သတ်မှတ်ကာလအတွင်း အန္တရာယ်ကင်းရှင်းစွာ ပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ် ဂွေးပင်စံပြကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် မေ ၁**

နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Myanmar Citizens Bankနှင့် ပူးပေါင်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ Mobile Financial Payment ဖြင့် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဂွေးပင်စံပြကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ဂွေးပင်စံပြကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်အသင်းသား အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို Mobile Financial Payment ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဂွေးပင်စံပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၄၈ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၈၀ ကို အသင်းသား အသင်းသူတစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

## ချမ်းမြသာစည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်အတွင်း လျှောင်ဒဏ်ဘေးသင့် ပြည်သူများအား ဧပြီ ၂၉ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးထွန်းဇံဖြူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းစီတို့က ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ဇော်ဘီ



## မိတ္ထီလာမြောက်ကန် ပေါင်ထိပ်ပြင်အက်ကွဲကြောင်းနေရာ၌ ကန်ပေါင်ကြံ့ခိုင်မှု ပြုပြင်ဆောင်ရွက်

**မိတ္ထီလာ မေ ၁**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မိတ္ထီလာမြို့မိတ္ထီလာမြောက်ကန် ကန်ပေါင်ထိပ်ပြင်နေရာတွင် မြေကြီးအက်ကွဲကြောင်းဖြစ်ပေါ်ခဲ့သော နေရာ၌ ကန်ပေါင်ကြံ့ခိုင်မှုကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကန်ပေါင်နေရာအပြင် ရန်ကုန်-မန္တလေးကားလမ်းမ မိတ္ထီလာ ကန်ပေါင်နေရာ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နေ့ညစဉ်ဆက်မပြတ်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းများ မကြာမီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)



## ၂၀၂၅ ခုနှစ် မေလ (ပထမ) ဆယ်ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှနှစ်ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှငါးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေခွဲမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခန့်စီ၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

## ခနဖြူမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်



**ခနဖြူ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ခနဖြူမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက အမှတ်(၁၀)ရပ်ကွက်ရှိ သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ ကုသိုလ်ပြု သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးနောင်နောင်ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များ ပူးပေါင်းပြီး သမိုင်းဝင် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ရင်ပြင်ပေါ်နှင့် တန်ဆောင်းအတွင်း တံမြက်စည်းလှဲခြင်း၊ ရေဖြင့်ဆေးကြောခြင်းများ ဆောင်ရွက်ခဲ့ပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ် လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်တင်ခြင်းနှင့် မော်လမြိုင်မြို့နယ် ကျိုက်သလွံစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းနှင့် ပူးပေါင်းအဖွဲ့က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆိုင်းဘုတ်တင်ခြင်းကို ပြည်နယ် မီးသတ်ဦးစီးဌာနရုံးရှေ့နှင့် စုပေါင်းသန့်ရှင်းရေးကို ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းအပြင်နှင့် စေတီတော်ရင်ပြင်အား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စေတီတော်မြတ်ကြီးနှင့် ဘုရားဆင်းတုရုပ်ပွားတော်များကို ရောင်တော်ဖွင့်၍ ရေသပ္ပာယ်ခြင်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## မိုင်းတုံမြို့နယ်၌ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံးကျွတ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် မုံးကျွတ်ကျေးရွာတွင် စီမံကိန်း မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ကော်မတီဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိမရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန်ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မုံးကျွတ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၁၇ ဦးအား ဆဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၂၃ ဒသမ ၅၆ သန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

## ဟိုပုံးမြို့နယ် နမ့်ပေါင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းငွေများ ဆဌမအကြိမ် ထုတ်ချေး

**ဟိုပုံး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP )ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နမ့်ပေါင်းကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့သည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က နမ့်ပေါင်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မတည်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ပေါင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသူ အသင်းသား ၄၆ ဦးအား မတည်ရန်ပုံငွေကျပ် ၂၇၆ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂**



## မြောင်းမြမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းလုပ်အားပေးဆောင်ရွက်

**မြောင်းမြ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် စကြာသီဟ / စကြာနန္ဒဘုရား၌ စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါလုပ်အားပေး ဆောင်ရွက်မှုများကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ညွှန်ကြားမှု၊ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် မြောင်းမြခရိုင်/မြို့နယ် သန္ဓေမီးသတ်တပ်ဖွဲ့များနှင့် မိသားစုဝင်များ၊ အရန်/သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက မြောင်းမြမြို့ရှိ သမိုင်းဝင် စကြာသီဟ/စကြာနန္ဒဘုရားတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်သန့်ရှင်းရေး ပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**ဇေယျာ(မြောင်းမြ)**

## မအူပင်မြို့၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မအူပင် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁၂)ရပ်ကွက်ရှိ မြို့ဦးပေါ်တော်မူ စေတီတော်မြတ်ကြီး အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မအူပင်မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး အတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော်အား ရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ အမှိုက်များကောက်ယူခြင်း၊ တံမြက်စည်းလှဲခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး (ပူးတွဲ) ဒေါက်တာ အောင်လင်းအေးတို့က သွေးလှူဒါန်းမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သွေးလှူဒါန်းကြသော သန္ဓေတပ်ဖွဲ့ဝင် ၈၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၉ ဦးတို့အား တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ အားဖြည့်ရိက္ခာလေးမျိုးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။



ထို့နောက်ဆေးရုံကြီးသန့်ရှင်းသပ်ရပ်ရေးအတွက် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၃၀ ဖြင့် အဆင့်မြင့် မီးသတ်စက်ယာဉ်များနှင့် ဆေးရုံ၏ အမိုးများ၊ နံရံများပေါ်တွင် ပေါက်နေသော အပင်များရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အာကာလင်း**



# လင်းခေးမြို့ မဟာမြတ်မုနိဘုရားကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လင်းခေး မေ ၁**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁ ရက် နံနက် ၇ နာရီက အဆိုပါ မီးသတ်စခန်း၌ ဆိုင်းဘုတ်စိုက်ထူခြင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် တပ်ဖွဲ့ဝင်များနှင့်တပ်ဖွဲ့မိသားစုဝင်အင်အား ၄၀ တို့သည် လင်းခေးမြို့ မဟာမြတ်မုနိဘုရား ကျောင်းဝင်းအတွင်းရှိ ဘုရားဆင်းတုတော်များနှင့် စေတီပုထိုးများကို ရေသပ္ပာယ်ခြင်း၊ ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**

# မြဝတီမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်

**မြဝတီ မေ ၁**

ကရင်ပြည်နယ် မြဝတီမြို့၌ (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ကရင်ပြည်နယ် သယံဇာတရေးရာဝန်ကြီးဌာန မြဝတီမြို့နယ် ကုန်တင်ကုန်ချ ကော်မတီရုံးမှ ယနေ့နံနက် ၈ နာရီ တွင် အထက (၁) မြဝတီအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အထက (ခွဲ)(၃)မြဝတီမှ ကျောင်းသားကျောင်းသူလေးများက အသီးတစ်ရာအညာတစ်ခု သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ သဝဏ်လွှာကို မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ အဖွဲ့ဝင် ဗိုလ်မှူး ညီညီလွင်၊ အဖွဲ့ဝင် ဦးအောင်မျိုးထွန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆုရရှိခဲ့ကြသည့် မြဝတီမြို့နယ် ကုန်တင်ကုန်ချ ကော်မတီရုံးမှ (ကာယ-ဉာဏ) ပြည်သူ့ဝန်ထမ်းလုပ်သားကြီးများကို လုပ်အားထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ငပုတော မေ ၁**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ပိုင်းရပ်ကွက် သိမ်တော်ကြီးလမ်းရှိ နန်းဦးရတနာ စေတီတော်မြတ်တွင် ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက အမှိုက်များ၊ မြက်များကို ရှင်းလင်းဖယ်ရှားကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ မေ ၂ ရက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှေငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား မေ ၂ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှေငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှေငံမြို့၊ ဖုန်း - ၀၈၁ - ၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း - ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခအမျိုးသမီးတစ်ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဧပြီ ၂၇ ရက်က အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦး အား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား တစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၇ နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ လူနေထိုင်ခြင်း မရှိသည့် နေအိမ်အတွင်း အမျိုးသမီးတစ်ဦး သေဆုံး နေသည်ကိုတွေ့ရှိရကြောင်း သတင်းအရ ပုသိမ်ကြီး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ခဲ့ရာ ရေထွက်ကျေးရွာ မြောင်းပေါင်ဘေး လယ်ကွင်းအတွင်းဆောက်လုပ်ထားပြီး လူနေထိုင် ခြင်းမရှိသည့် တစ်ထပ်တိုက်အတွင်း အငြိမ်းစား ပါမောက္ခ ဒေါ်ထွေးထွေး (၆၆)နှစ် (ဘ)ဦးအောင်သန်း အား နဖူးပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်အနေ အထား သွေးအိုင်အတွင်း သေဆုံးပုပ်ပွနေသည် ကို တွေ့ရှိရသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှု ရေးဖွင့်၍ ဖြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။



ဖြစ်မှုကျူးလွန်သူနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

အဆိုပါဖြစ်စဉ်မှ ဖြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် တာဝန် ရှိသူများက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ အခင်း ဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို အသေးစိတ်စစ်ဆေး ခြင်း၊ သေဆုံးသူနှင့်ပတ်သက်သည့် အချက်အလက် များကို စုံစမ်းရှာဖွေခြင်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေး အသုံးပြုမောင်းနှင်ခဲ့သည့် MDY-15 7G/xxxx Belta အမျိုးအစား ခဲရောင်မော်တော်ယာဉ် ကို အခင်းဖြစ်နေရာအနီးမှ သိမ်းဆည်းရရှိခဲ့ပြီး ဒေါ်ထွေးထွေးမှာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ ရှိ မင်္ဂလာရန်ကင်းအိမ်ရာ (အငြိမ်းစားအိမ်ရာ) တိုက်အမှတ်(C-16)၊ အခန်းအမှတ်(၄၀၁)တွင် တစ်ဦး တည်းနေထိုင်ပြီး တူတော်စပ်သူ ဦးရဲထွဋ်နှင့်အတူ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင် ခဲ့ကြောင်း သိရှိရသဖြင့် ပတ်ဝန်းကျင်သက်သေ များအား အသေးစိတ်စစ်ဆေးခဲ့ရာ သက်သေများ ၏ ထွက်ဆိုချက်များအရ ဒေါ်ထွေးထွေးမှာ ဧပြီ ၂၅ ရက် နံနက် ၇ နာရီခန့်တွင် နေအိမ်မှ တစ်ဦးတည်း ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်ကို မြင်တွေ့ရကြောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီကျော် ခန့်တွင် စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုးက Belta ခဲရောင်မော်တော်ယာဉ်တစ်စီး ကို မောင်းပေးရန် ၎င်းနှင့် ခင်မင်ရင်းနှီးသူတစ်ဦး ကို အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းကားနောက် ခန်းအတွင်းမှ မိန်းမစီးဖိနပ်တစ်ရန်အား ရေကန် အတွင်းသို့ လွှင့်ပစ်သည်ကို မြင်တွေ့ရကြောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဒေါ်ထွေးထွေး၏ နေအိမ်သို့ ၎င်းနှင့်မြေကွက် အရောင်းအဝယ်ပြုလုပ် နေသူ စိုင်းထွန်းနော် (ခ) ကိုစိုင်း(ခ)ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်သွား သည်ကို မြင်တွေ့ရကြောင်း စုံစမ်းဖော်ထုတ်သိရှိ ရသဖြင့် စိုင်းထွန်းနော် (ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုး အား ဖမ်းဆီးစစ်ဆေးနိုင်ရေး ဆောင်ရွက် ခဲ့ရာ ၎င်းမှာမိသားစုများနှင့်အတူ တောင်ကြီးမြို့သို့ ထွက်ခွာသွားကြောင်း ထပ်မံစုံစမ်းသိရှိရသဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုး ၂၅ နှစ် (ဘ)ဦးစန်းယုအား ဟဲဟိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ အငြိမ်းစား ပါမောက္ခ ဒေါ်ထွေးထွေးအား သတ်ဖြတ်ပြီး ယူဆောင် ခဲ့သည့် မောင်းကွင်းရွှေလက်စွပ် တစ်ကွင်း၊ ကျောက်ပါ ရွှေထည်လက်စွပ်ငါးကွင်း၊ ရွှေကလစ် တစ်ခု၊ ကျောက်ပါ ရွှေထည်လော့ကတ်သီးနှစ်ခု၊ သံကြိုးပုံ ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ပါ ရွှေလက်ကောက် တစ်ကွင်း၊ ရွှေကြယ်သီး ငါးလုံး၊ မြေကွက်အရောင်းအဝယ် စာချုပ်/ စာရွက် စာတမ်း ၃၉ စောင်၊ Wave 110 ဆိုင်ကယ်တစ်စီး၊ မြန်မာငွေစက္ကူရောရော ကျပ် ၂၀၂၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းဖမ်းဆီးရမိခဲ့သည်။



တရားခံ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်း ဖြိုး(ခ) ကိုဖြိုး၏ ထွက်ဆိုချက်အရ ၎င်းနှင့် အငြိမ်း စား ပါမောက္ခ ဒေါ်ထွေးထွေးတို့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် ရေထွက် ကျေးရွာနှင့် နမ်းကြဲကျေးရွာအကြားရှိ ဒေါ်ထွေးထွေး ပိုင်ဆိုင်သည့် မြေကွက်ကို အရောင်းအဝယ် ပြုလုပ် ရန်ပြသစဉ် အရောင်းအဝယ်မတည့်သဖြင့် စကား များရာမှ ဒေါ်ထွေးထွေး အား လည်ပင်းညှစ်၍ အုတ်နီခဲဖြင့် ဦးခေါင်းကို နှစ်ချက်ထုရိုက်ခဲ့ကာ ၎င်းစီးနင်းလာသည့် MDY-15 7G/xxxx Belta အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ရွှေထည် ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀ တို့ကို ယူဆောင် ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေး အား သတ်ဖြတ်၍ ၎င်းပိုင်ရွှေထည်ပစ္စည်းများ နှင့် ငွေကြေးများအား ယူဆောင်ကာ ထွက်ပြေး တိမ်းရှောင်ခဲ့သူ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးအား သက်သေခံပစ္စည်းများ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေ နှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူးမြို့နယ်၌ သစ်များ တရားမဝင်စုဆောင်းထားသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဧပြီ ၂၉ ရက်က သစ်များ တရား မဝင်စုဆောင်းထားသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ်(၃) ရပ်ကွက်နေ ဦးကျော်ထိုက်(၅၃) နှစ်၏ နေအိမ်ခြံဝင်းအတွင်း သစ်လုံးများ တရားမဝင်စုဆောင်း ထားကြောင်း သတင်းအရ အင်းတကော် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်း များပါဝင်သော ပူးပေါင်းအဖွဲ့ က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော် ထိုက် ပိုင်ဆိုင်သော ခြံဝင်းအတွင်း မှ မန်ကျည်းရှားသစ်လုံး ၄၃ လုံး၊ ၁ ဒသမ ၃၂၆ တန်၊ မန်ကျည်းရှား မျောတိုင် ၁၃ လုံး၊ ၀ ဒသမ ၁၈၀ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းသစ်လုံး၊ မျောတိုင်များမှာ အင်းတကော်မြို့ ချမ်းသာကုန်း ကျေးရွာနေ ဦးစောသက်နောင် (၃၁)နှစ် ပိုင်ဆိုင်သည့် သစ်များ ဖြစ်ပြီး ပြန်လည်ရောင်းချရန် တရားမဝင် စုဆောင်းထားခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် စောသက်နောင်နှင့် ကျော်ထိုက် တို့နှစ်ဦးအား အင်းတကော် နယ်မြေရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



ပဲခူးမြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ဧပြီ ၂၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုး သမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် အင်ကြင်း လမ်းနှင့် သစ္စာလမ်းဆုံ၌ ယာဉ် တိုက်မှုဖြစ်ပွားကြောင်း သတင်း အရ နေပြည်တော် ယာဉ်ထိန်း ရဲတပ်ဖွဲ့၊ ယာဉ်မှုစစ်တပ်ဖွဲ့ဝင် များက သွားရောက်စစ်ဆေးခဲ့ရာ ယင်းမာလမ်းဘက်မှ ပိတောက် (၁) လမ်းဘက်သို့ သပြေကုန်း ရပ်ကွက်နေ မျိုးကျော်အောင် (၄၆) နှစ် မောင်းနှင်လာသည့် MDY-6 CC/xxxx Toyota Premio ခဲရောင်အငှားယာဉ်နှင့် သစ္စာလမ်း အတိုင်း သစ္စာ(၃)လမ်းဘက်မှ သရဖီလမ်းဘက်သို့ ပျဉ်းမနား မြို့နယ် ကျော်ညီနောင်ရပ်ကွက် နေ မသီတာဌေး(၃၅)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ သည် အခင်းဖြစ်နေရာ၌ အရှိန် မထိန်းနိုင်ဘဲ တိုက်မိရပ်တန့်နေ သည်ကိုတွေ့ရှိရပြီး ယာဉ်တိုက်မှု ကြောင့် မသီတာဌေးတွင် ဒဏ်ရာ များရရှိခဲ့သောကြောင့် မျိုးကျော် အောင်နှင့် မသီတာဌေးတို့ နှစ်ဦး အား ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**





ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် အင်ကြင်းလမ်းနှင့် သစ္စာလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့၏ မှတ်တမ်းဓာတ်ပုံ။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကျွ စိတ်ချမ်းသာ**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားတစ်ဦးကို ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့်ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဧပြီ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့်ပူးပေါင်း၍ လုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီတွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၃၇ x ၃၈ လမ်းကြား၊ သင်္ဘောပတ်လမ်း(အနောက်)ရှိ Happy Like လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်နေမျိုး(၅၀)နှစ်သည် လက်ဖက်ရည်ဆိုင်အိပ်ခန်းအတွင်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသတ်ခံထားရကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေစင်ဝင်း၏ ဖုန်းဆက်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်နေမျိုးအား လက်ဖက်ရည်ဆိုင်အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ယာနားထင်မှ ကျည်ဖောက်ဝင်ပြီး ဝဲနားထင်ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာနှစ်ချက်တို့ဖြင့် သေဆုံးနေပြီး အခင်းဖြစ်နေရာမှ Thai Arms 9mm စာတန်းပါ ကျည်ခွံတစ်ခု သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေး အမှတ်(၇)နယ်မြေရဲစခန်း (ပ)၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း (ပ)၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ - ၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



တရားခံဇော်ဖြိုးအောင် (ဝဲပုံ) (၃၃)နှစ်၊ (ဘ) ဦးစံမြင့်၊ ဒေါ်ရွှေစင်ဝင်း (ယာပုံ) (၃၅)နှစ်၊ (ဘ) ဦးလှဝင်း။

အမှုမှ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ဖွဲ့၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများ စစ်ဆေးခြင်း၊ မသင်္ကာတရားခံများ စုံစမ်းရှာဖွေခြင်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးအောင်နေမျိုး၏ ဇနီး ဒေါ်ရွှေစင်ဝင်းမှာ မသင်္ကာဖွယ် အမူအရာပျက်ယွင်းနေသဖြင့် ၎င်းအား အသေးစိတ်စစ်ဆေးခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ၎င်းအား အမျိုးမျိုးညှင်းပန်းနှိပ်စက်သည့်အပြင် အတူနေ၎င်း၏ ညီအစ်ကိုမောင်နှမများအား နေအိမ်မှ အကြိမ်ကြိမ် မောင်းချသဖြင့် စိတ်နာကြည်းခဲ့ကြောင်း။

လွန်ခဲ့သောတစ်နှစ်ကျော်က Tik Tok အသုံးပြုရာမှ ၎င်းနှင့် ချစ်ကြိုက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးအတွင်း ကုန်စိမ်းရောင်းချသူ ဇော်ဖြိုးအောင် (၃၃)နှစ်အား မန္တလေးမြို့သို့ ခေါ်ဆောင်၍ အတူနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သော တစ်လကျော်မှစတင်၍ မန္တလေးမြို့သို့ ဇော်ဖြိုးအောင် ရောက်ရှိလာသည့်အခါ ၎င်းတို့နှစ်ဦး အတူနေထိုင်ရန်အတွက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ်အကွက်(၁၃)ရှိ အဆောင်တစ်ဆောင်အား ငှားရမ်းပေးခဲ့ကြောင်း၊ ဒေါ်ရွှေစင်ဝင်းက ၎င်းအား ညှင်းပန်းနှိပ်စက်နေသည့် ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ပေးရန် ဇော်ဖြိုးအောင်အား လွန်ခဲ့သောရက်အနည်းငယ်က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း။ ဧပြီ ၂၅ ရက် ညနေ ၆ နာရီခန့်တွင် ဇော်ဖြိုးအောင်မှာ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းမှ ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လာရောက်ရမည့် အချိန်နှင့် ခင်ပွန်းဖြစ်သူအိပ်သည့်နေရာတို့အား အသေးစိတ်ထပ်မံရှင်းလင်းပြောပြခဲ့ကြောင်း၊ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဇော်ဖြိုးအောင်က ဦးအောင်နေမျိုး အိပ်သည့်အခန်းအတွင်း ဝင်ရောက်ကာ သေနတ်ဖြင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဇော်ဖြိုးအောင် နေထိုင်ရန် ၎င်းငှားရမ်းပေးထားသည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ် အကွက်(၁၃)ရှိ အဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SIGSAUER အမျိုးအစား 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၂၈ တောင့်နှင့် Scoopy ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး တရားခံ ဇော်ဖြိုးအောင်မှာ ၎င်း၏ ဇာတိဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါး ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ထပ်မံစုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံ ဇော်ဖြိုးအောင် (၃၃)နှစ် (ဘ) ဦးစံမြင့်အား တံခွန်တိုင်ကျုံဝါး ကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်၍ လိမ်လည်သတင်းပေးတိုင်တန်းခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ရွှေစင်ဝင်းနှင့် ဇော်ဖြိုးအောင်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဘားအံမြို့နယ်၌ တရားမဝင် နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီး သုံးဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဧပြီ ၃၀ ရက်က တရားမဝင် နှစ်လုံး/ သုံးလုံးထီ လောင်းကစား ပြုလုပ်သူ အမျိုးသမီး သုံးဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့နယ် အမှတ်(၉) ရပ်ကွက်၌ တရားမဝင် နှစ်လုံး/သုံးလုံးထီ လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဘားအံ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရပ်ကွက်နေ မခင်မျိုးဝင်း (၃၅) နှစ်အား ၎င်း၏နေအိမ်မှ နှစ်လုံး/သုံးလုံးထီ လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းတစ်လုံး၊ လောင်းကြေးငွေများဖြင့် လည်းကောင်း။

အလားတူ အဆိုပါရပ်ကွက်နေ မဝတ်မှုံမိုးအောင်(ခ)မဝါဦး (၃၁)နှစ်အား ၎င်း၏နေအိမ်မှ နှစ်လုံး/သုံးလုံးထီ လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းတစ်လုံး၊ လောင်းကြေးငွေများ ဖြင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့ နှစ်ဦးအား ဘားအံမြို့မရဲစခန်း၌ လောင်းကစား ဥပဒေပုဒ်မ ၁၈(က) /၁၉(က)ဖြင့် လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီတွင် ဘားအံမြို့နယ် ဇာသပြင်အရှေ့ကျေးရွာနေ မနန်းထွေး (၅၁)နှစ်၏ နေအိမ်၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဇာသပြင် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မနန်းထွေးအား ၎င်း၏ နေအိမ်မှ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နန်းထွေးအား ဇာသပြင်နယ်မြေရဲစခန်း၌ လောင်းကစား ဥပဒေပုဒ်မ ၁၈(က)/၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## FIFA - MFF ယူ - ၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ၌ Kyaung Sayar Tarhtwe အသင်းနှင့် Victoria အသင်း လေးပွဲဆက်အနိုင်ရရှိ

**ရန်ကုန် မေ ၁**

FIFA-MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ကို မေ ၁ ရက်က တောင်ဒဂုံ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပရာ Kyaung Sayar Tarhtwe အသင်းနှင့် Victoria အသင်း လေးပွဲဆက် အနိုင်ရရှိသည်။ လျှော်ဒဏ်ကြောင့် ရွှေ့ဆိုင်းထားသည့် ပွဲစဉ်များအား ပြန်လည်ကျင်းပခြင်းဖြစ်သည်။



Victoria အသင်းနှင့် FFU မင်းမဟော်အသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၃) တွင် Kyaung Sayar Tarhtwe အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၆ ဂိုး-တစ်ဂိုး၊ Victoria အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Avengers အသင်းက Golden Boys အသင်းကို လေးဂိုး-တစ်ဂိုး၊ King Cobra အသင်းက Jullniss အသင်းကို ငါးဂိုး-သုံးဂိုး၊ မလိခအသင်းက TKA Stars အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Pacific Sun Far အသင်းနှင့် SGF အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် သုံးပွဲဆက်အနိုင်ရထားသည့် အသင်းများအနက် Kyaung Sayar Tarhtwe အသင်းနှင့် Victoria အသင်းတို့သာ လေးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ပြီး SGF အသင်းမှာမူ သရေကျခဲ့သဖြင့် Avengers အသင်းနှင့် ရမှတ် ၁၀ မှတ်စီ တူညီခဲ့သည်။

**ညီမြတ်သော်တာ၊**
**ဓာတ်ပုံ-MFF**

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် တပ်ကုန်းမှ မော်လမြိုင်သို့ မိုးဝင်းလှိုင်မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် TOYOTA LEXUS ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သူရမျိုးမျိုး(ခ) မျိုးမျိုးအား တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆေးခြောက် ၂ ဒသမ ၃ ကီလို၊ CADILLAC ESCALADE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



တရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Offer2962005” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ လမင်းနောင်အား ည ၇ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့ ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၂၀၀၊ ဒီဇယ်ဆီ ၁၀ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဒေါနပန်းဝင်း DKBA ဆက်ဆံရေးဝင်းရှိ ဂိုဒေါင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာ တာချီလိတ်-ဝမ်ပုံကားလမ်းအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၆၀၀၀၀) ကို လည်းကောင်း၊ ပင်းတယမြို့နယ် ကျုံးရွာနှင့် ကလောမြို့နယ် ပဲရင်းတောင်ရွာကြား၌ ချင်းရွှေဟော်- လားရှိုးမှ ပင်းတယ-ကျုံး-ရွာငံ လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၁ မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၆၃၅၉၉၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Howo Tractor Head သုံးစီး၊ Cheng Long Tractor Head သုံးစီး၊ Dong Feng Tractor Head နှစ်စီး၊ Man Tractor Head နှစ်စီး၊ Hino Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၂ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၅၉၅၉၉၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် ဝေါမြို့ Puma ဆီဆိုင်အနီး၌ မော်လမြိုင်မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဧပြီ ၃၀ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၄၈၈၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၆၈၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် သန်လျင်မြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၀)မိုင်နှင့် ၂၆/၄ မိုင်ကြား၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၅၄၂၆၈၄) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus သုံးစီး၊ Higer Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၅၄၂၆၈၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ် ဝဲကျွန်းမြို့သစ်ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် BE အရက်ဆီ ဂါလန် ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၃၀၀ နှင့် ဒီဇယ်ဆီ ဂါလန် ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၅၉၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၅၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၄၅၁၁၄၅၉) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | MRTV Radio Playout Automation System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ခ) | Presentation I,II,III & IV ရှိ HD Playout System အား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း(Service Level Agreement) | 1 Lot |
| (ဂ) | AVI West ၏ Hardware နှင့် Software ပိုင်းဆိုင်ရာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ဃ) | MRTV Archiving System များအတွက် Service Level Agreementနှင့် Upgrading လုပ်ငန်းများဆောင်ရွက်ခြင်း | 1 Lot |
| (င) | တပ်ကုန်း(ရုံးချုပ်)ရှိ Aircon System (Ton 250 Chiller)အသစ်ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (စ) | ရန်ကုန်ရှိ Aircon System (125 Ton Chiller) အသစ်ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (ဆ) | Direct to Home Network(DTH) စနစ်ကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သော စက်ပစ္စည်းများ | 1 Lot |
| (ဇ) | Convergence News Room System အား Upgrading ပြုလုပ်ခြင်း | 1 Lot |
| (ဈ) | Main Building တွင် Chiller Water System FCU Replacement နှင့် Duct Line များ ပြုပြင်ခြင်း | 1 Lot |
| (ည) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 22 Items |
| (ဋ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 4 Items |
| (ဌ) | တီးဝိုင်းလုပ်ငန်းသုံးပစ္စည်းများ | 2 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅ -၅-၂၀၂၅)ရက်နေ့မှ (၂၂-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဃ၊ စ၊ ဈ၊ ဋ) တင်ဒါဖောင်(၆)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဂ၊ဌ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၂,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(င၊ဆ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဇ၊ ည) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၂၆-၅-၂၀၂၅) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်း မည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြု ထားသည့် ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## သဃ်န်းကျွန်းခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၅-၂၀၂၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သဃ်န်းကျွန်းခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား၊ အဆောက်အအုံလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့်လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/နေရာ** - ၇-၅-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သဃ်န်းကျွန်းခရိုင်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၆-၅-၂၀၂၅ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

၄။ **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ၂၀-၅-၂၀၂၅ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လမ်းဦးစီးဌာန၊သဃ်န်းကျွန်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး

၅။ အသေးစိတ် သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်း(၁၂)လုံးတန်း၊ တိုက်(၂၀၃)နောက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၉၆၈၄၄၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမာန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးဌာန/သိုလှောင်ရုံ(၄) နေရာ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၄) နေရာ၊ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၈)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.1.Security (2025-2026)
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၅-၂၀၂၅ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၃၀-၅-၂၀၂၅ရက် မွန်းတည့် ၁၂နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၅-၂၀၂၅)ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၆)တွင် ဒေါ်မဉ္ဇူကျော်(တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာတွင် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ရန်မျိုး (၁၂/လကန (နိုင်) ၂၃၂၂၉၇)နေရာတွင် (၁၂/လကန (နိုင်)၂၃၃၂၉၇) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့နေ ဦးမျိုးအောင် ၁၃/ပလန(နိုင်)၀၉၉၃၅၂ နှင့် ခွန်မျိုးအောင်မှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (ရန်ကုန်သစ်)၊ မြေကွက်အမှတ်-၈၁၃(က)၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၁၁/က)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံရှိ ပဉ္စမထပ်(၆လွှာ) ဟုခေါ်တွင်သည့် တိုက်ခန်း (၁) ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ဝယ်ထား၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါနိုင် (၁၂/တမန(နိုင်)၁၂၁၈၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခြူးဇင်မာအောင် (၁၂/တမန (နိုင်) ၁၂၄၆၀၆) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ရောက်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်တွင် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမင်းမင်းဦး ( LL.B ) အထက်တန်းရှေ့နေ (စဉ် - ၅၆၅၇၃ / ၂၄-၆-၂၀၂၄)**
**အမှတ်(၁၈၅)၊ မာဃလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉- ၇၈၁၁၁၄၇၁၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၄)၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၅၁၉-က)၊ အကျယ်အဝန်း(၂၀'x၆၀') ရှိသည့် အိမ်ခြံမြေနှင့် ဦးစိုးပိုင် ၁၂/ရကန(နိုင်)၀၃၃၇၃၃ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းတို့အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်စိန်မြင့် ၁၄/ရကန(နိုင်)၀၀၄၅၉၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲမင်း ၁၂/ဒဂတ(နိုင်)၀၄၇၂၆၆မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေ၏ အရောင်းအဝယ်ပြုလုပ်မှုအား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်း ၁၂/ဒဂတ(နိုင်)၀၄၇၂၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအေး (စဉ် - ၁၄၈၁၉) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/50343, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၁၄/ပသန(နိုင်) ၂၅၉၄၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/59876, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွေး ၁၄/အမန(နိုင်) ၂၁၀၄၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

